ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ သောကြာနေ့၊ (24-8-2007) (၅၄၁၉)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
## ယူကရိန်းသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၀၇ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ကျရောက်သော ယူကရိန်းသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ယူကရိန်းသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဗစ်တာ ယူရှန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း
## ယူကရိန်းသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၀၇ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ကျရောက်သော ယူကရိန်းသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ယူကရိန်းသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗစ်တာ ယာနုကိုဗစ်ရှ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁)
## ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း
## သီရိလင်္ကာနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

နေပြည်တော် ဩဂုတ် ၂၃

သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ–နိုင်ငံတော်ဝန်ကြီးချုပ် မစ္စတာ ရတနာသီရီ ဝပ်ခရမ် မာနာရာကာ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း လားရှိုးမြို့ ကွန်ပျူတာတက္ကသိုလ် သုံးထပ် ပင်မအဆောက်အအုံသစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





# ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းရယ်မြို့နယ်တွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံ
## ဆတက်ထမ်းပိုး နယ်မြေဖွံ့ဖြိုးရေးအတွက် ဒေသခံများ၊ ဝန်ထမ်းများ ဝိုင်းဝန်းလုပ်ဆောင်ရန် မှာကြား
## လားရှိုးမြို့ ကွန်ပျူတာတက္ကသိုလ် သုံးထပ် ပင်မအဆောက်အအုံသစ် တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၃

**ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီတွင် မိုင်းရယ်မြို့နယ် ပြည်ထောင်စုခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် မိုင်းရယ်မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်တင်က မိုင်းရယ်မြို့နယ်၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားရာတွင် မိုင်းရယ်မြို့သည် ယခုအခါ လူမှုရေးနှင့် စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း၊ မြို့နယ်အတွင်း စပါး၊ မြေပဲအပြင် ခြိစည်းရိုးကြက်ဆူ၊ ရော်ဘာ၊ လက်ဖက် စိုက်ပျိုးရေးလုပ်ငန်းများစွာ တိုးချဲ့နိုင်သေး၍ ဆတက်ထမ်းပိုး နယ်မြေဖွံ့ဖြိုးရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ ဝိုင်းဝန်းလုပ်ဆောင်ကြရမှာဖြစ်ကြောင်း၊ ပညာခေတ်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ***

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror
၂၄-၈-၂၀၀၇
(သောကြာနေ့)

# စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှုမြင့်မားရေး လယ်ယာသုံးစက်ကိရိယာများ တိုးမြှင့်သုံးစွဲ

နိုင်ငံတော်က စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းတည်ဆောက်နေသည်။ အထူးသဖြင့် လယ်ယာကဏ္ဍ ထုတ်လုပ်မှုတိုးတက်လာစေရန် လိုအပ်ချက်များကို အဘက်ဘက်က စီမံဆောင်ရွက်ပေးလျက်ရှိသည်။

လယ်ယာကဏ္ဍ၌ မြေလွတ်မြေရိုင်း လယ်ယာမြေသစ်များ တိုးချဲ့ဖော်ထုတ်ရေး၊ စိုက်ပျိုးရေရရှိရေး အပါအဝင် သီးနှံမျိုးကောင်းမျိုးသန့်များ သုံးစွဲရေး၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာများ အသုံးပြုနိုင်ရေးတို့ကို အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိသည်။

တစ်ချိန်တည်းတွင် စက်မှုလယ်ယာသို့ ကူးပြောင်းလုပ်ဆောင်နိုင်ရေးအတွက် လယ်ယာကဏ္ဍအထောက်အကူပြု စက်မှုလုပ်ငန်းများ၊ လယ်ယာသုံး စက်ကိရိယာပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်းများကို အားပေးထူထောင်နေသည်။

မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံများကို မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အင်းကုန်းနှင့် ရန်ကုန်တိုင်း ရွာသာကြီးတို့တွင် ထူထောင်ထားရှိသည်။ အလားတူ ရန်ကုန်မြို့ ကျိုက္ကလို့ စက်မှုလယ်ယာ စက်ရုံစုနယ်မြေရှိ လယ်ယာသုံးစက်ကိရိယာ တပ်ဆင်ရေးအလုပ်ရုံ၊ ပင်မစက်ပြင်အလုပ်ရုံနှင့် မရမ်းကုန်းမြို့နယ် လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံတို့ကိုလည်း တည်ထောင်ထားရှိပြီးဖြစ်သည်။

ယခုအခါ စက်ရုံ၊ အလုပ်ရုံများမှ လယ်ယာ(၁၆)လက်တွန်းထွန်စက်၊ ပါဝါမြင့်လယ်ယာ(၂၂) လက်တွန်းထွန်စက်များနှင့် ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ အခြောက်ခံစက်ကိရိယာများ၊ ခြေနင်းရေတင်စက်၊ အနိမ့်တင်၊ အမြင့်တင် ရေတင်စက်များနှင့် အခြားလယ်ယာသုံး စက်ကိရိယာ ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

စက်မှုလယ်ယာသို့ကူးပြောင်းနေသည့် ယနေ့ကာလတွင် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ၏ စွမ်းဆောင်ရည်နှင့် အရည်အသွေး တိုးတက်ကောင်းမွန်သည်နှင့်အမျှ တွင်တွင်ကျယ်ကျယ် အသုံးပြုကြိုးပမ်း စွမ်းဆောင်ကြခြင်းဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု မြင့်မား တိုးတက်လာမည် ဖြစ်ပါသည်။ ။




**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧကေ ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကျောင်းမြေအလှူတော် (၇)ကြိမ်နှင့် (၈)ကြိမ်မြောက်အဖြစ် ဦးလှဝင်း-ဒေါ်ပြုံးကြည် မိသားစု (မြတ်ဗုဒ္ဓသာသနာ-ကမ္ဘာ့ပြန့်ပွားရေးသာသနာပြု) ၃၅ x ၃၆ ကြား၊ (၆၃)လမ်း၊ မဟာအောင်မြေ ပြည်တော်အေး(သစ်စက်) မန္တလေးမြို့က အလှူငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဩဝါဒါစရိယ ဆရာတော်ဦးနေမိန္ဒ(ဗြဟ္မစိုရ်)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



**ပြည်သူ့သဘောထား**

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၃

**ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ၂၀၀၆-၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၂၁ရက် မွန်းတည့် ၁၂ နာရီတွင် ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဇာတိမာန်ခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ တက်ရောက်၍ ဂုဏ်ပြုဆုများ ချီးမြှင့်သည်။**

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ၂၀၀၆-၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်စဉ်။** (စွမ်းအင်)




အစီအစဉ်အရ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိက ဆုရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင်ရှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင်ငါးဦးတို့အားလည်းကောင်း၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်းက တစ်ဘာသာ ဂုဏ်ထူးရှင် ၃၃ ဦးတို့အားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အလှူရှင်များ၏ လှူဒါန်းငွေများကို ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်း လွှာများကို ပေးအပ်၍ဝန်ကြီးက လှူဒါန်းငွေများကို ကျောင်းအုပ်ဆရာမကြီးများသို့ လွှဲပြောင်း ပေးအပ်သည်။

ယင်းနောက်ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား လေးဘာသာ ဂုဏ်ထူးရှင် မောင်ငြိမ်းဇော်သစ်နှင့် အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ခင်ဆင့်တို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။ ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၈၀ အရှင်ဝဏ္ဏိတသာရ တရားပွဲ

**ရန်ကုန် ဩဂုတ် ၂၃**

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတဖြုးမဟာစည် သာသနာ့ရိပ်သာဖြုးဆရာတော်၏တပည့် ၈၀-အရှင်ဝဏ္ဏိတသာရ ဓမ္မာစရိယဝိနယဝိဒူ ဖြုးမဟာစည်နယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည် ၁၃၆၉ ခု၊ ဝါခေါင်လပြည့်နေ့ နံနက် ၉ နာရီတွင် လှိုင် (၅) ရပ်ကွက်၊ ဓမ္မရက္ခိတ ဖြုးမဟာစည် သာသနာ့ရိပ်သာ၌ သီလပေးတရား ဟောကြားပြီး ည ၇နာရီတွင် မရမ်းကုန်းမြို့နယ်၊ သမိုင်း(၂)ရပ်ကွက်၊ ဗဟိုလမ်း၊ ဇေယျာမင်းကျောင်းတိုက်၌ နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)





**ကွယ်လွန်သူ မိဘနှစ်ပါးနှင့် အစ်ကို အစ်မများဖြစ်သော ဒေါ်ခိုင်၊ ဦးဘသော်၊ ဒေါ်သီလှ၊ ဒေါ်သိန်းရင်တို့အား ရည်စူး၍ ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်းနေ ညီမ ဒေါ်တင်တင်ဦးနှင့် (မောင်) ဦးစိန်လွင်တို့က မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်ခြောက်သိန်းကိုအနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ-နိ (ရန်ကုန်ဌာန) ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့(ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲ)တို့ ပူးပေါင်းကျင်းပသော အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။**

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ငွေး၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများနှင့် ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး ဌာနကြီး-ဌာနကြီးမှူး ဒေါ်မြင့်မြင့်စိုးက အမှာစကား ပြောကြားပြီး ဟောပြောမည့် ပုဂ္ဂိုလ်များနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ ဟောပြောပွဲကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးဌာနကြီးမှ ဒေါက်တာယဉ်မျိုးသူက **"မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင်များ အဖွဲ့ဝင် အမျိုးသားစာပေဆုများရှင် ဒေါက်တာ မတင်ဝင်း (ပညာရေး တက္ကသိုလ်)က **"ရင်တွင်းဖြစ်မှအနှစ်ပါ"** ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောကြသည်။

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ (ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲ)တို့ ပူးပေါင်း၍ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်၌ အသိပညာပေး ဟောပြောပွဲ ကျင်းပစဉ်။** (သတင်းစဉ်)

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး ဌာနကြီး-ဌာနကြီးမှူး ဒေါ်မြင့်မြင့်စိုးနှင့် ရန်ကုန်နိုင်ငံခြား ဘာသာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်တို့က ဟောပြောပေးသော ပုဂ္ဂိုလ်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**✻ ရှေ့ဖုံးမှ**

ဖြစ်သည်နှင့်အညီ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် လားရှိုးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်ကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ပြီး နိုင်ငံတော်အစိုးရ၏ စေတနာကို သိရှိနားလည်စေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး နိုင်ငံတော်မှအားထားရသော ဝန်ထမ်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတော် အေးချမ်းဖွံ့ဖြိုးတိုးတက်ချိန်တွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် တိုင်းပြည်အစဉ်ထာဝရ အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မန်ဖျတ် တပ်နယ်သို့ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မန်ဖျတ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်နှင့်မိသားစုဝင်များအား တွေ့ဆုံ၍ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် မန်ပုံကျေးရွာအနီးရှိ အရှေ့မြောက် တိုင်းစစ်ဌာနချုပ်၏ မန်ပုံကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ရေးစခန်းသို့ရောက်ရှိရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က လယ်ယာမြေဖော်ထုတ်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ မန်ပုံကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ရေးစခန်းသည် မြေလွတ်မြေရိုင်း ၉၉ ဧကရှိရာ ၈၅ ဧကသည် လယ်ယာမြေ စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ၁၄ ဧကသည် တောင်ယာစိုက်ပျိုးနိုင်သည်။ ၂၀၀၇ ခုနှစ်တွင် ၅၃ ဧက စပါးစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မိုင်းရယ်တပ်နယ်သို့ ရောက်ရှိရာ တပ်နယ်မိသားစုဝင်များနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများကို မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မိုင်းရယ်မြို့နယ် ဟိုယကျေးရွာ ဆီထွက်သီးနှံ မြေပဲစံပြစိုက်ခင်းသို့ ရောက်ရှိကြပြီး စိုက်ခင်းရှင်းလင်းဆောင်၌ တောင်သူ ဦးလိုင်းဆိုင်ပိုက မြေပဲစိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တောင်သူကြီး ဦးလိုင်းဆိုင်ပို အပါအဝင် တောင်သူ သုံးဦး၏ မြေပဲစိုက်ဧကမှာ ခြောက်ဧကဖြစ်ပြီး တစ်ဧကလျှင် ၆၆ တင်းကျော် ထွက်ရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် နမ့်ပေါင်တပ်နယ်သို့ ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တပ်နယ်မိသားစုများနှင့် တွေ့ဆုံ၍ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် လားရှိုးမြို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကွန်ပျူတာတက္ကသိုလ် သုံးထပ်ပင်မအဆောက်အအုံသစ် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ ကွန်ပျူတာတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာဒေါ်နန်းနန်းစိုးက ကွန်ပျူတာတက္ကသိုလ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး Asia Metal ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးရန်ဟိုနှင့် စီမံကိန်းအင်ဂျင်နီယာ ဦးနိုင်လင်းတို့က သုံးထပ် ပင်မအဆောက်အအုံသစ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သုံးထပ်ပင်မအဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် လားရှိုးမြို့ လားရှိုးတက္ကသိုလ်သို့ရောက်ရှိကြပြီး တက္ကသိုလ်ခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက တက္ကသိုလ်ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက လားရှိုးတက္ကသိုလ်၏ သမိုင်းအကျဉ်းချုပ်နှင့် သင်ကြားပို့ချနေမှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပါမောက္ခချုပ် ဦးဖေသောင်းက တိုးချဲ့ဆောက်လုပ်မည့် သုံးထပ်စာသင်ဆောင် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

# ဥဒါန်းစကား

✻ အခြေခံဥပဒေ၊ အမြုတေအား
ပြုစုနေသော၊ သင့်သဘောထား
စောကြောဝေဖန်၊ အဖြေမှန်ကို
သိစေလို၍၊ ဖြေဆိုပါရန်
တောင်းပန်စကား၊ သိလိုအားဖြင့်
ဖြေကြားပေးပါ၊ မေးမြန်းလာသည့်
ချစ်စွာသော သူငယ်ချင်း။

✻ ခင်ပွန်း ဇနီး၊ သမီးသားနှင့်
စီးပွားဥစ္စာ၊ စွန့်ခွာကာလေ
ပြုစုနေသော၊ သည်သဘောကား
ချစ်သောဒို့မြေ၊ ဒို့မြန်ပြေ(ပြည်)ဝယ်
အခြေခံဥပဒေ၊ ပျောက်ကွယ်နေ၍
ရေရှည်တည်တံ့၊ ခိုင်ခံ့အစဉ်
ပြုစုချင်၍၊ သားစဉ်မြေးမြစ်
ပြောထုံးဖြစ်အောင်၊ အသစ်ဖော်ညွှန်း
တင်မော်ကွန်းဟု၊ ဥဒါန်းစကား
ဖြေဆိုကြားသည်
ဤကား သစ္စာအမှန်တည်း။ ။

(အမျိုးသားညီလာခံ ကိုယ်စားလှယ်အားလုံးကို ညွှန်းဆိုဂုဏ်ပြုလျက်-)

တက္ကသိုလ်တင်ခ

# နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ယူကရိန်းသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် သြဂုတ် ၂၄**

၂၀၀၇ခုနှစ် သြဂုတ် ၂၄ ရက်တွင် ကျရောက်သော ယူကရိန်းသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ယူကရိန်းသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အာဆန်နီ ယက်ဆနီယုခ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၄-၈-၂၀၀၇ (သောကြာနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ဒါနနဲ့ပဲကျေနပ်နေကြမှာလား တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ) |
| ၇း၄၅ | တေးဂီတအစီအစဉ် |
| ၇း၅၀ | လူသုံးပစ္စည်း အလေးထား စက်မှု(၁)ရဲ့ စွမ်းပကား [စတီးပစ္စည်းနှင့် ကြွေရည်စိမ် ပစ္စည်းစက်ရုံ (မင်းစု)] |
| ၈း၁၀ | တေးဂီတအစီအစဉ် |
| ၈း၁၅ | Myanmar Video Rhythm |
| ၈း၄၅ | ကိတ်မုန့်ပေါ်က အနုလက်ရာ |
| ၉း၀၀ | ယနေ့သိပ္ပံနှင့် နည်းပညာ |
| ၉း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ | တေးဂီတအစီအစဉ် |
| ၉း၂၅ | အရိပ်ကောင်း၏ အေးမြရှင်သန်ခြင်းအလှ |
| ၉း၄၀ | တေးဂီတအစီအစဉ် |
| ၉း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀ | စားချင်စဖွယ်နည်းအသွယ်သွယ်(တီလားပီးယားငါးကင်၊ ကညွှတ်ရှမ်းထမင်းနှင့် ပုစွန်ကင်) |
| ၁၀း၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၀ | ဖွံ့ဖြိုးဝေစည် ရေတာရှည် |
| ၁၀း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ | ကြည်ညိုသဒ္ဓါပွားဖို့ရာ နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးမှာ |
| ၁၁း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၅ | တေးဂီတအစီအစဉ် |
| ၁၁း၂၀ | သွင်းကုန်အစားထိုး လျှပ်စစ်ခတ်အိုး |
| ၁၁း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၀ | သီးနှံစိုက်ပျိုးအထွက်တိုး "ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာသုံးစွဲနည်း" |
| ၁၁း၅၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၅ | **အသည်းရောဂါဆိုတာဘာလဲ (အပိုင်း-၂)(ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း)** |
| ၁၂း၂၀ | တေးဂီတအစီအစဉ် |
| ၁၂း၂၅ | Yangon Panorama Newe Kyi (First Solo Show) |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကွင်းဆင်း ရောဂါရှာဖွေကုသမှုပေး

ရန်ကုန် သြဂုတ် ၂၃

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦး ဦးဆောင်လျက် အသင်းပိုင် ရောဂါရှာဖွေရေးဆေးခန်းမှ တာဝန်ခံဆရာဝန် ဒေါက်တာဒေါ်ခင်သန်းနွယ်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင် ဒေါက်တာဒေါ်ခက်သက်မြိုင်တို့သည် သြဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် ကျောက်တန်းမြို့နယ် ပါဒကြီးစံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲသို့ ရောက်ရှိကြသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များက ကျန်းမာရေး အသိပညာပေးရခြင်း အကြောင်းရင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ ကြိုတင်ကာကွယ်ရေးကိုလည်းကောင်း၊ လုံခြုံစိတ်ချ မိခင်ဘဝနှင့် အမျိုးသမီးများ မျိုးပွားအင်္ဂါကင်ဆာ ရောဂါအကြောင်းကိုလည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဝင်ဒေါက်တာ ဒေါ်ခင်သက်မြိုင်က ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အကြောင်းကို လည်းကောင်း ကျန်းမာရေးအသိပညာပေး ဆွေးနွေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦးက ငွေကျပ် ၁၁ သိန်း တန်ဖိုးရှိ သားဖွားခန်းသုံး ဆေးနှင့် ဆေးပစ္စည်းများကို လှူဒါန်းရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ထားထားလှိုင်က လက်ခံသည်။




**ဆေးပစ္စည်းများ ပေးအပ်လှူဒါန်း**

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦးနှင့် အဖွဲ့ဝင်များ ကျောက်တန်းမြို့နယ် ပါဒကြီး စံပြကျေးရွာတွင် သားဖွားခန်းသုံး ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**တက်ရောက်**

အဆိုပါ ကျန်းမာရေးအသိပညာပေး ဆွေးနွေးပွဲသို့ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ အမျိုးသမီး၊ အမျိုးသား စုစုပေါင်း ၂၅၀ တက်ရောက်ကြသည်။

ထို့နောက် အသင်းခွဲကို အခြေပြု၍ အဖွဲ့ငယ်များဖွဲ့ကာ ကိုယ်ဝန်ဆောင် အမျိုးသမီး ၉၀ တို့အား ကိုယ်ဝန်စမ်းသပ်ပေးခြင်း၊ ဆီးစစ်ပေးခြင်း၊ အထွေထွေသွေးစစ်ပေးခြင်း၊ PMCT စီမံချက်အရ မိခင်မှ သန္ဓေသားသို့ HIV ရောဂါပိုးကူးစက်မှု တားဆီးကာကွယ်ပေးရေးအတွက် နှစ်သိမ့်ဆွေးနွေးပေးခြင်းနှင့် ကိုယ်ဝန်ဆောင် ၈၈ ဦးတို့အား သွေးဖောက်စစ်ဆေးပေးခြင်း၊ အိမ်ထောင်သည် အမျိုးသမီး ၄၇ ဦးတို့အား သားအိမ်ခေါင်းကင်ဆာ ကာကွယ်ကုသနိုင်ရေးအတွက် Pap Smear စမ်းသပ်ပေးခြင်း၊ အမျိုးသမီးအားလုံးအား ရင်သားစမ်းသပ်ပေးခြင်း၊ လိုအပ်သူများကို သက်ဆိုင်ရာ ဆေးရုံများသို့ ညွှန်းပို့ပေးခြင်းနှင့် အမျိုးသား ၇၀ တို့အား HIV/AIDS ရောဂါ အပါအဝင် လိင်မှုဆိုင်ရာ ကူးစက်ရောဂါများ ကာကွယ်ရေးအတွက် လက်တွေ့ရှင်းပြခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းတို့ကို ပြုလုပ်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အပိုဒ် ၃၅ နှင့် အပိုဒ် ၃၆ တို့ရှိ “ရန်ကုန်မြို့တော်” ဟူသော စကားရပ်အစား “နေပြည်တော်” ဟု ဖြည့်စွက်



အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

❒ **ကျောဖုံးမှ**

ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်”ဟု ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့် မူကိုလည်း ပယ်ဖျက်သင့်ပါတယ်။ ဤသို့ ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်လိုက်ခြင်းအားဖြင့် ယင်းတို့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌သာ လက်ရှိအတိုင်း တည်ရှိနေမှာ ဖြစ်ပါတယ်။

ကျွန်တော်အထက်တွင် တင်ပြခဲ့တဲ့အတိုင်း ကိုကိုးကျွန်းမြို့နယ်ကို ပြည်ထောင်စုနယ်မြေအဖြစ်မှ ပယ်ဖျက်ခြင်းအားဖြင့် အထက်အပိုဒ်(ခ)ပါ အသေးစိတ်အခြေခံရမယ့်မူကို ဆက်လက်ဖော်ပြရန် မလိုအပ်တော့ပါ။ သို့သော် အပိုဒ်(ဂ)ကို ဆက်လက်ထားရှိသင့်သဖြင့် အပိုဒ်(ဂ) ကို အပိုဒ်(ခ)အဖြစ် ဖော်ပြသင့်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုနယ်မြေ သတ်မှတ်ခြင်းနဲ့စပ်လျဉ်းပြီး–

၅။ ပြည်ထောင်စုနယ်မြေများ သတ်မှတ်ခြင်း–

**“(က) နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်၊**

**(ခ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့်နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်”

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်များကို အကျိုးအကြောင်းဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်တဲ့–

- တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့
  - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
  - မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
  - ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့
- ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော် တို့(၃)ဦးကလည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့ (၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်ကို ပြည်ထောင်စုနယ်မြေ သတ်မှတ်ခြင်းနဲ့စပ်လျဉ်းပြီး–

၅။ ပြည်ထောင်စုနယ်မြေများသတ်မှတ်ခြင်း–

**“(က) နိုင်ငံတော်၏မြို့တော်ဖြစ်သည့်နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေ အဖြစ် သတ်မှတ်သည်။**

**(ခ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့်စပ်လျဉ်းပြီးထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန်လိုအပ်လျှင်ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်။”**

လို့ ပြင်ဆင်၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်လိုက်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၂၀၀၇ခုနှစ်၊ ဩဂုတ်လ ၆ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

“ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် ကျွန်တော် ရှင်းလင်း တင်ပြတဲ့အတိုင်း သဘောတူညီ ပါက နေပြည်တော်အတွက် ရန်ကုန်မြို့တော်ကောင်စီနှင့်စပ်လျဉ်း၍ ချမှတ်ထား သည့် အသေးစိတ်အခြေခံရမည့်မူများအတိုင်း ချမှတ်သင့်ပါတယ်။

ထို့ကြောင့် ၁၉၉၆ခုနှစ် မတ်လ ၂၈၊ ၂၉နှင့် ၃၀ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသား ညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့သော အသေးစိတ်အခြေခံရမည့်မူများအနက် အပိုဒ် ၃၅ပါ ပြည်ထောင်စုနယ်မြေ ဖြစ်သည့် ရန်ကုန်မြို့တော် အုပ်ချုပ်ရေးနှင့်စပ်လျဉ်းပြီး ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့်မူများတွင်လည်းကောင်း၊ အပိုဒ် ၃၆တွင်ဖော်ပြထားသည့် ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့်ကောင်စီဝင်များ၏ အဆင့်သတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး ချမှတ်ထားသော အသေးစိတ်အခြေခံရမည့်မူများတွင်လည်းကောင်း ပါရှိသည့် ရန်ကုန်မြို့တော်ဟူသောစကားရပ်အစား နေပြည်တော်ဟုဖြည့်စွက်ရန် သင့်၊ မသင့်နှင့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအတွက် ချမှတ်ထားသော အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၆)တွင် အဖွဲ့ဝင်အဖြစ် “ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ”ဟု ဖော်ပြထားသည့် စကားရပ်အစား “နေပြည်တော်ကောင်စီဥက္ကဋ္ဌ”လို့ ဖြည့်စွက်ရန် သင့်၊ မသင့်ဆွေးနွေးအကြံပြုဖို့ ဖြစ်ပါတယ်”

ဟု လည်းကောင်း၊

“အပိုဒ် ၃၇တွင် ဖော်ပြထားသော ပြည်ထောင်စုနယ်မြေဖြစ်သည့် ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ ချမှတ်ထားသော အသေးစိတ်အခြေခံရမည့်မူများကို ယခုအခါ မလိုအပ်တော့၍ ဆက်လက်ဖော်ပြခြင်း မပြုတော့ပါကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်”

ဟုလည်းကောင်း

လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်များကို အကျိုးအကြောင်းဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်တဲ့–

- တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့–
  - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
  - မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
  - ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့
- ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စား လှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့ (၃)ဦးက လည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့ (၆)ဦးက လည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်း၊ အပိုဒ် ၃၅နှင့် အပိုဒ် ၃၆တို့ရှိ “ရန်ကုန်မြို့တော်” ဟူသောစကားရပ်အစား **“နေပြည်တော်”**ဟု ဖြည့်စွက် ရန်နှင့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)အပိုဒ်ခွဲငယ် (၆)ရှိ “ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ” ဟူသော စကားရပ်အစား **“နေပြည်တော်ကောင်စီဥက္ကဋ္ဌ”**ဟု ဖြည့်စွက်ရန်လည်းကောင်း၊

အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်း၊ အပိုဒ် ၃၇ကို ပယ်ဖျက်ရန် လည်းကောင်း အသေးစိတ်အခြေခံရမယ့်မူချမှတ်လိုက်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၂၀၀၇ခုနှစ် ဩဂုတ်လ ၆ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသား ညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

“၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၂ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသား ညီလာခံစုံညီအစည်းအဝေးမှာ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ် ၆ အပိုဒ်ခွဲ(၄)၊ အပိုဒ်ခွဲငယ် (က)တွင် “တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ ရန်ကုန်တိုင်း ဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်ရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်” လို့ ဖော်ပြခဲ့ပါတယ်။

ကျွန်တော်အထက်မှာ ရှင်းလင်းတင်ပြခဲ့သလို မြို့တော်ဖြစ်တဲ့ နေပြည်တော်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပြီး၊ ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့နယ်တို့ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်လိုက်မည်ဆိုပါက ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မူကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ဖို့ လိုမယ်လို့ သုံးသပ်ရရှိပါတယ်။

ဒါကြောင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း၊ အပိုဒ် ၆၊ အပိုဒ်ခွဲ(၄)အပိုဒ်ခွဲငယ်(က)ရှိ “တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ ရန်ကုန်တိုင်း ဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ် အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်” ဆိုတဲ့ စကားရပ်အစား “တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ မန္တလေးတိုင်း ဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်” လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်၍ ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။”

လို့ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလိုလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့ အချက်များကို အကျိုးအကြောင်းဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ များဖြစ်တဲ့–

- တိုင်းရင်းလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့–
  - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
  - မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
  - ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့
- ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်း ကျော်တို့(၃)ဦးကလည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့ (၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံ ကိုယ်စားလှယ် အများအပြားရဲ့ အကြံပြုချက်များနဲ့ အညီ–

တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အပိုဒ် ၆၊ အပိုဒ်ခွဲ (၄) အပိုဒ်ခွဲငယ်(က) အဖြစ်–

**“တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော် ဖြစ်သည်”**

လို့ ပြင်ဆင်၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်လိုက်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၂၀၀၇ခုနှစ်၊ ဩဂုတ်လ ၆ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသား ညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌက–

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❁

❀ စာမျက်နှာ ၄ မှ

"အသေးစိတ်အခြေခံရမယ့်မူအဖြစ် သက်ဆိုင်ရာအခန်းသို့ ပြောင်းရွှေ့ဖော်ပြထားတဲ့ အခြေခံမူများအနက် အချို့အခြေခံမူများဟာ နိုင်ငံတော် အခြေခံမူများ အခန်းတွင်လည်း ဆက်လက် ဖော်ပြထားသင့်သလို အချို့ အခြေခံမူများဟာ နိုင်ငံတော်အခြေခံမူများအခန်းတွင် ဆက်လက်ဖော်ပြရန် မလိုအပ်ဟု သုံးသပ်ရရှိပါတယ်။

အခြေခံရမည့်မူများတွင် ဆက်လက်ဖော်ပြရန် မလိုအပ်တော့လို့ ဆက်လက်ဖော်ပြခြင်း မပြုတော့တဲ့ အခြေခံမူများကို အသေးစိတ် တင်ပြ ရရင်–

**နိုင်ငံတော်အကြီးအကဲအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့်–**

၁။ နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်။

၂။ နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့ဖြင့် ရွေးချယ်တင်မြှောက်မည်။

**နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့်–**

၃။ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူအားလုံးသည် နိုင်ငံသား ဖြစ်သည်။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသားများ ဖြစ်သည်။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့် အတိုင်းဖြစ်မည်။

၄။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်။

၅။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်။

၆။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိမည်။

၇။ ဘာသာသာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုနှင့် ဆက်စပ်နေစေကာမူ ထိုသို့ ဆက်စပ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အခြားလောကီရေး ဆောင်ရွက်မှုတို့ကို အထက်ပါ အခွင့်အရေးတွင် မပါဝင်စေရ။

ဆက်လက်ဖော်ပြခြင်းမပြုတော့ပါကြောင်း ရှင်းလင်းပြောကြား အပ်ပါတယ်" လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်များကို ဆက်လက်ဖော်ပြခြင်းမပြုဖို့ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်တဲ့–

- တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့–
  - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
  - မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
  - 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့
- ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလ ကိုယ်စား လှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်း ကျော်တို့ (၃)ဦးကလည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့ (၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့ အညီ–

"၁။ နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်။

၂။ နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ်တင်မြှောက်မည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်၊ ထိုအပြုအမူမျိုးအတွက် အပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်။

၁၃။ နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ ရရှိစေရန် ကူညီမည်။

၁၄။ မြန်မာစာသည် ရုံးသုံးစာဖြစ်သည်။

၁၅။ နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့်လမ်းညွှန်များဖြစ်သည်"

တို့ကို သက်ဆိုင်ရာ အခန်းအသီးသီးသို့ ပြောင်းရွှေ့ဖော်ပြပြီးဖြစ်သည့်အတွက် ယင်းတို့ကို နိုင်ငံတော် အခြေခံမူများအခန်းမှ ပယ်ဖျက်လိုက်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၂၀၀၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်စဉ်က အပိုဒ် ၁၅၊ အပိုဒ်ခွဲ (၅) တွင် "တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်"

လို့ ဖော်ပြခဲ့ပါတယ်။

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်စဉ်က အပိုဒ် (၅)တွင် "တည်ဆဲ ဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်"

လို့ ဖော်ပြခဲ့ပါတယ်။

ဖော်ပြပါ အသေးစိတ်အခြေခံရမည့်မူများဟာ စကားရပ်အတူတူဖြစ်သလို၊ အနှစ်သာရလည်း အတူတူဖြစ်တာ တွေ့ရှိရပါတယ်။ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းမှာ ဖော်ပြခြင်းက ပိုမိုဆီလျော်မည်ဟု သုံးသပ်ရရှိပါတယ်။

# ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ် အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ "ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ် ၁၅၊ အပိုဒ်ခွဲ (၅)" ကို ပယ်ဖျက်

၈။ ထိုသို့ လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း ပြည်သူ့အကျိုးကိစ္စ၊ ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ။

၉။ ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာ ဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်။

၁၀။ နိုင်ငံတော်သည် အစ္စလမ်ဘာသာ သာသနာ၊ ခရစ်ယာန်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သောနေ့၌ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာ ဘာသာသာသနာများဟူ၍ အသိအမှတ်ပြုသည်။

၁၁။ နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာသာသနာများကို နိုင်ငံတော်က တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

၁၂။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရ၊ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်၊ ထိုအပြုအမူမျိုးအတွက် အပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်။

၁၃။ နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ ရရှိစေရန် ကူညီမည်။

**အထွေထွေပြဋ္ဌာန်းချက်များအခန်းသို့ ပြောင်းရွှေ့ဖော်ပြသည့်–**

၁၄။ မြန်မာစာသည် ရုံးသုံးစာဖြစ်သည်။

၁၅။ နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို အနက် အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"

ဆိုတဲ့ အခြေခံရမယ့်မူများပဲ ဖြစ်ပါတယ်။

ဒါကြောင့် အထက်မှာတင်ပြထားတဲ့ အခြေခံရမယ့်မူများကို သက်ဆိုင်ရာ အခန်းများသို့ ပြောင်းရွှေ့ဖော်ပြပြီးဖြစ်သည့်အတွက် နိုင်ငံတော် အခြေခံမူများ အခန်းတွင် ဆက်လက်ဖော်ပြရန် မလိုတော့ကြောင်း သုံးသပ်ရရှိသဖြင့်

၃။ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူအားလုံးသည် နိုင်ငံသား ဖြစ်သည်။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသား များဖြစ်သည်။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်းဖြစ်မည်။

၄။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်။

၅။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်။

၆။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိမည်။

၇။ ဘာသာ သာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုနှင့် ဆက်စပ်နေစေကာမူ ထိုသို့ ဆက်စပ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အခြားလောကီရေးဆောင်ရွက်မှုတို့ကို အထက်ပါ အခွင့်အရေးတွင် မပါဝင်စေရ။

၈။ ထိုသို့ လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း ပြည်သူ့အကျိုးကိစ္စ၊ ပြုပြင်ရေး ကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ။

၉။ ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်။

၁၀။ နိုင်ငံတော်သည် အစ္စလမ်ဘာသာ သာသနာ၊ ခရစ်ယာန်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သောနေ့၌ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာ သာသနာများ ဟူ၍ အသိအမှတ်ပြုသည်။

၁၁။ နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာ သာသနာများကို နိုင်ငံတော်က တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

၁၂။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ သာသနာကို အလွဲသုံးစားမပြုရ၊ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည်

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ယင်းအသေးစိတ် အခြေခံရမယ့်မူနဲ့ သဘောအဓိပ္ပာယ်ချင်းတူညီသည့် ပြဋ္ဌာန်းချက်ဖြစ်တဲ့ ပုဒ်မ ၂၂၆ ပုဒ်မခွဲ (၁)ကို ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းမှာ ဖော်ပြထားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အသေးစိတ်အခြေခံရမယ့်မူအပိုဒ် ၁၅၊ အပိုဒ်ခွဲ(၅)ကို ဆက်လက်ဖော်ပြရန် မလိုအပ်တော့တဲ့အတွက် ပယ်ဖျက်မည်ဖြစ်ပါကြောင်း"

လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်ကို ပယ်ဖျက်ဖို့ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်တဲ့–

- တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့–
  - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
  - မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
  - 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့
- ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလ ကိုယ်စား လှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့ (၃)ဦးကလည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့(၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

**"ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ် ၁၅၊ အပိုဒ်ခွဲ(၅)"**

ကိုပယ်ဖျက်လိုက်ပါတယ်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ☆

# “ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း” ဆိုတဲ့ စကားရပ်ကို ပြင်ဆင်၊ ဖြည့်စွက်ရန် အသေးစိတ် အခြေခံရမယ့်မူ ချမှတ်

☆ စာမျက်နှာ ၅ မှ

**သဘာပတိကြီးခင်ဗျား–**

၂၀၀၇ခုနှစ် ဩဂုတ်လ ၆ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

“ယခု ကျွန်တော်ရှင်းလင်းတင်ပြခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံက သဘောတူချမှတ်မယ်ဆိုပါက နောင်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာမှာ အခြေခံရမယ့် အခန်း ၁၅ခန်းပါ အခြေခံမူများနဲ့ အသေးစိတ် အခြေခံရမည့်မူများကို အမျိုးသားညီလာခံက အောင်မြင်စွာ ချမှတ်နိုင်ခဲ့ခြင်း ဖြစ်ပါမယ်။ အဲဒီလိုအမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပပြီးတဲ့နောက် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အနက် ဒုတိယအဆင့်ဖြစ်တဲ့ “အမျိုးသားညီလာခံကြီးအောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီးစည်းကမ်း ပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း”နဲ့ တတိယ အဆင့်ဖြစ်တဲ့“အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲခြင်း”ကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။

အဲဒီလို အမျိုးသားညီလာခံက ချမှတ်ပေးသော အခြေခံရမယ့်မူများနဲ့ အသေးစိတ် အခြေခံရမယ့်မူများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုရေးဆွဲတဲ့ အခါမှာ စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသိုတို့ကို အခြေခံရမည့်မူနှင့် အသေးစိတ်အခြေခံရမည့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို မထိခိုက်စေဘဲ ပြင်ဆင်သင့်သည်များကို ပြင်ဆင်၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းဖြစ်အောင် ရေးဆွဲဆောင်ရွက်ခွင့်ပြုသင့်ပါတယ်။

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာမှာ အမျိုးသားညီလာခံက ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကားအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊နေရာအထားအသိုစသည်တို့ကိုလိုအပ်သလိုပြင်ဆင်ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံကသဘောတူခွင့်ပြုကြောင်း ဆုံးဖြတ်ချက် ချမှတ်ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါတယ်”

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်ကိုအမျိုးသား ညီလာခံက သဘောတူခွင့်ပြုသင့်ပါကြောင်း ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ ဖြစ်တဲ့–

- တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့–
  - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
  - မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
  - ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့
- ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့(၃)ဦးက လည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့ (၆)ဦးက လည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒ့ါအပြင် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ ကလည်း သဘာပတိအဖွဲ့ရဲ့ ကောက်နုတ်စုစည်းချက်တွင် ယင်းအချက်ကို ကောက်နုတ်ဖော်ပြ၍ အမျိုးသားညီလာခံက သဘောတူခွင့်ပြုထားတဲ့အတိုင်း အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက် သွားရန်ဖြစ်ပါကြောင်း တင်ပြသွားခဲ့ပါတယ်။

ဒါကြောင့် သဘာပတိအဖွဲ့ရဲ့ သဘောထားတင်ပြချက်၊ ညီလာခံကိုယ်စား လှယ်အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ် အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

**“ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာမှာ အမျိုးသားညီလာခံ မှတ်တမ်းများအရ ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့် မူများပါ ရည်ရွယ်ချက်နှင့် အနှစ်သာရကို ထိခိုက်ခြင်းမရှိစေသည့် စကား အသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသိုစသည်တို့ကို လိုအပ် သလို ပြင်ဆင်ရေးဆွဲ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားညီလာခံက သဘောတူခွင့်ပြုကြောင်း”**

အမျိုးသားညီလာခံက ဆုံးဖြတ်ပေးသည်ကို မှတ်တမ်းတင်ပါကြောင်း ပြောကြားအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီ အစည်းအဝေးမှာအမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကအမျိုးသား ညီလာခံက ချမှတ်ခဲ့ပြီးဖြစ်သည့် အခြေခံမူများနဲ့ အသေးစိတ် အခြေခံရမယ့် မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်တဲ့ အခြေခံမူများ၊ အသေးစိတ် အခြေခံရမယ့်မူများနဲ့စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့ပါတယ်။ ယင်းသို့ ရှင်းလင်းပြောကြားခဲ့တဲ့ အချက်များအပြင်၊ ပြင်ဆင်သင့်တဲ့ အချက်တစ်ရပ်ကို တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က သီးခြားအကြံပြုချက်အနေနဲ့ တင်ပြခဲ့ပါတယ်။

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စား လှယ်များ အစုအဖွဲ့က–

“အထွေထွေပြဋ္ဌာန်းချက်များအခန်း၏ အမှတ်စဉ် ၁၉ အပိုဒ်(က)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးဦးအား အောက်ပါအကြောင်း တစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ် ခဲ့ပါတယ်။

(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်၏ အရည်အချင်းပျက်ယွင်းခြင်း၊

(၅) ပေးအပ်ထားသော တာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင် ခြင်းဟု အခြေခံမူများ ချမှတ်ခဲ့ပါတယ်။

အလားတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် တစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်း၍လည်း အထက်ပါ အချက်(၅) ချက်ဖြင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ထားရှိခဲ့ပါတယ်။

ယခင်ချမှတ်ခဲ့ပြီးသော စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ အသေးစိတ်အခြေခံရမယ့် မူများတွင် နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦး၊ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ်ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးတစ်ဦးဦး၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးတစ်ဦးဦးတို့အား စွပ်စွဲပြစ်တင် လိုလျှင် အထက်ဖော်ပြပါ အမှတ်စဉ်(၁)မှ အမှတ်စဉ် (၄)အထိသာ ချမှတ်ထားရှိ ခဲ့ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ရှေ့နောက်စကားရပ်များ ညီညွတ် စေရန်လည်းကောင်း၊ နောင်တစ်ချိန်တွင် အငြင်းပွားစရာအကြောင်း မပေါ်ပေါက် စေရန်လည်းကောင်း၊ စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ အချက်များကို တစ်ပြေးညီ (၅)ချက်စီ ဖော်ပြသင့်ကြောင်း သဘောရရှိပါတယ်။

**“ပေးအပ်ထားသော တာဝန်ဝတ္တရားများကိုကျေပွန်စွာ မထမ်းဆောင်ခြင်း”** ဆိုသည့် အသုံးအနှုန်းမှာ ယေဘုယျဆန်လွန်းပြီး မည်သူက မည်သည်ကို ရည်ညွှန်း၍ တာဝန်ပေးအပ်ကြောင်း မပေါ်လွင်နိုင်ဟု ယူဆရပါသည်။ **“ဥပဒေ အရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်း”** ဆိုသည့် စကားရပ် ဖြင့် အစားထိုးသုံးနှုန်းပါက တာဝန်ယူဆောင်ရွက်ရသည့်အပိုင်း ပိုမိုပေါ်လွင်စေပြီး ဆီလျော်မှုရှိစေနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ လက်ရှိအသေးစိတ် အခြေခံမူ(၄) ချက်နှင့် ဆက်လျက် အမှတ်စဉ် (၅)အဖြစ် **“ဥပဒေအရ ပေးအပ်သောတာဝန်များ ကို ကျေပွန်စွာ မဆောင်ရွက်ခြင်း”** ဆိုသည့် အသေးစိတ် အခြေခံရမည့်မူကို ဖြည့်စွက်သင့်ပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးဦး အားလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးအားလည်းကောင်း စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်း၍ အပိုဒ်(၅) တွင် ဖော်ပြထားသည့် **“ပေးအပ်ထားသော တာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်ခြင်း”**ဟူသော စကားရပ်အစား **“ ဥပဒေအရ ပေးအပ်သောတာဝန် များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း”** စကားရပ် အသုံးအနှုန်းကိုလည်း ပြင်ဆင်သင့်ပါကြောင်း”

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒီအကြံပြုချက်အတိုင်း ဖော်ပြလိုက်မယ်ဆိုရင် စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ အသေးစိတ်အခြေခံရမယ့် မူများနဲ့ ပတ်သက်လို့ အားလုံးတညီတညွတ်တည်းရှိပြီး အဓိပ္ပာယ်ပိုမိုတိကျသွားစေမှာ ဖြစ်ပါတယ်။ ဒီအချက်တွေနဲ့အလားတူ အသေးစိတ် အခြေခံရမယ့်မူတစ်ရပ်ဖြစ်တဲ့ ရွေးကောက်တင်မြှောက်ခြင်း အခန်းရှိ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဦးအား တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည့် အကြောင်း တစ်ရပ်ဖြစ်သော အပိုဒ် ၆ အပိုဒ်ခွဲ(၅)တွင် ဖော်ပြထားသည့် **“ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာမထမ်းဆောင်ခြင်း”**ဆိုတဲ့ စကားရပ်ကိုလည်း အထက်ပါ အကြံပြုချက်အတိုင်း ပြင်ဆင်သင့်ပါတယ်။ ဒါမှသာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များအားလုံး ညီညွတ်သွားစေမှာ ဖြစ်ပါတယ်။

ဒီအကြံပြုချက်ဟာ ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူနဲ့လည်း ကိုက်ညီတဲ့အတွက် အလေးအနက်ထား စဉ်းစားသင့်ကြောင်း တွေ့ရှိရပါတယ်။ ဒီအကြံပြုချက်ကို အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ် သင့်၊ မသင့်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက သဘာပတိအဖွဲ့ဝင်များနဲ့ ညှိနှိုင်းခဲ့ပါတယ်။ သဘာပတိအဖွဲ့ဝင်များကလည်း မိမိတို့နဲ့သက်ဆိုင်တဲ့ ညီလာခံကိုယ်စားလှယ်များနဲ့ ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များရဲ့ သဘောထားများကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ စာဖြင့် တင်ပြခဲ့ကြပါတယ်။ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အားလုံးက ဖော်ပြပါ အကြံပြုချက်အတိုင်း ပြင်ဆင်ချမှတ်သင့်ကြောင်း အကြံပြုခဲ့ကြတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ် အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

“နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတကို စွပ်စွဲပြစ်တင်ခြင်း၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၅)၊

ပြည်ထောင်စုဝန်ကြီးတစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်ခြင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ်(၅)၊

ပြည်ထောင်စုရှေ့နေချုပ်အား စွပ်စွဲပြစ်တင်ခြင်း၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၅)၊

ပြည်ထောင်စုစာရင်းစစ်ချုပ်အား စွပ်စွဲပြစ်တင်ခြင်း၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ်(၅)၊

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား စွပ်စွဲပြစ်တင်ခြင်း၊ အပိုဒ် ၂၃၊ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၅)၊

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး တစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၅)နှင့် အပိုဒ် ၅၊ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၅)၊

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးတစ်ဦးဦး အား စွပ်စွဲပြစ်တင်ခြင်း၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၅)နှင့် အပိုဒ် ၁၃ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၅)၊

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်း၊ အပိုဒ် ၁၉ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ်(၅)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် တစ်ဦးဦး အား စွပ်စွဲပြစ်တင်ခြင်း အပိုဒ် ၁၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၅)

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း အပိုဒ် ၆ အပိုဒ်ခွဲ(၅)တို့အဖြစ်–

**“ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်း”**

ဆိုတဲ့ စကားရပ်ကို ပြင်ဆင်၊ ဖြည့်စွက်ရန် အသေးစိတ်အခြေခံရမယ့်မူ ချမှတ် လိုက်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအနေနဲ့ ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများရဲ့ အဓိပ္ပာယ်ပိုမို ရှင်းလင်းစေရေးအတွက် လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲတဲ့အခါ ပိုမိုတိကျ ရှင်းလင်း စွာ ရေးဆွဲနိုင်ရေးအတွက်လည်းကောင်း ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ပြန်လည်သုံးသပ်ရာမှာ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် လက်အောက်တွင် တရားရုံးအဆင့်ဆင့်ဖွဲ့စည်းခြင်း အပိုဒ် ၁၈ နှင့် တရားသူကြီး များခန့်ထားခြင်း၊ စီရင်ပိုင်ခွင့်များ အပ်နှင်းခြင်း၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ သတ်မှတ်ခြင်း၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(က)တို့တွင် “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် လက်အောက်တွင်”ဟု လည်းကောင်း “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်လက်အောက်ရှိ”ဟု လည်းကောင်း သုံးနှုန်းထားတာ တွေ့ရှိရပါတယ်။

‘လက်အောက်’ဆိုတဲ့ စကားရပ်အစား “ကြီးကြပ်မှုအောက်”ဆိုတဲ့စကား ရပ်ဟာ ဥပဒေသဘောအရ အဓိပ္ပာယ်ကျယ်ပြန့်စေပါတယ်။ ဒါကြောင့် ‘လက်အောက်’ဆိုတဲ့ စကားရပ်အစား “ကြီးကြပ်မှုအောက်”လို့ သုံးနှုန်းသင့် ကြောင်း အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက သဘာပတိ အဖွဲ့ဝင်များနဲ့ တွေ့ဆုံ ညှိနှိုင်းရာတွင် ရှင်းလင်းတင်ပြခဲ့ပါတယ်။ သဘာပတိ အဖွဲ့ဝင်များကလည်း မိမိတို့နဲ့ သက်ဆိုင်တဲ့ ညီလာခံကိုယ်စားလှယ်များနဲ့ ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များရဲ့ သဘောထားများကို အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီသို့ စာဖြင့် တင်ပြခဲ့ကြပါတယ်။ ညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ အားလုံးက ဖော်ပြပါ အကြံပြုချက်အတိုင်း ပြင်ဆင် ချမှတ်သင့်ကြောင်း အကြံပြုခဲ့ကြတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာပါဝင် ကြတဲ့ ညီလာခံ ကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ –

အပိုဒ် ၁၈ အဖြစ်–

**“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် ကြီးကြပ်မှုအောက် တွင် တရားရုံးအဆင့်ဆင့် ဖွဲ့စည်းထားရှိခြင်းနှင့် စပ်လျဉ်းပြီး–**

စာမျက်နှာ ၇ ကော်လံ ၁ သို့ ▶

စာမျက်နှာ ၆ မှ

**"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် ကြီးကြပ်မှုအောက်၌ အောက်ပါအတိုင်း တရားရုံးအဆင့်ဆင့်ရှိသည်"**

ဟုလည်းကောင်း၊

အပိုဒ် ၁၉ အပိုဒ်ခွဲ (က) အဖြစ်–

**"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ကြီးကြပ်မှုအောက်ရှိ တရားရုံးအဆင့်ဆင့်တွင် တရားသူကြီးများခန့်ထားခြင်း၊ စီရင်ပိုင်ခွင့်များအပ်နှင်းခြင်း၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များ သတ်မှတ်ခြင်းတို့သည် ဥပဒေနှင့်အညီ ဖြစ်စေရမည်"**

ဟုလည်းကောင်း ပြင်ဆင်၍ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်လိုက်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ သတ်မှတ်ရေးနဲ့စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ်–

"ရှမ်းပြည်နယ်ရှိ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မန်ဖန့်မြို့နယ်နှင့် ပန်ယန်းမြို့နယ် ခြောက်မြို့နယ်တို့ကို ခရိုင် နှစ်ခရိုင်ဖွဲ့ပြီး 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း"

လို့ချမှတ်ခဲ့ပါတယ်။

အဲဒီ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ပါဝင်တဲ့ 'မန်ဖန့်မြို့နယ်'ကို 'ပန်ဆန်း (ပန်ခမ်း) မြို့နယ်'အဖြစ်လည်းကောင်း၊ 'ပန်ယန်းမြို့နယ်'ကို 'မက်မန်းမြို့နယ်' အဖြစ်လည်းကောင်း ပြည်ထဲရေးဝန်ကြီးဌာနက ၃၀–၇–၂၀၀၂ ရက်စွဲပါ အမိန့် ကြော်ငြာစာဖြင့် အမည်ပြောင်းလဲ သတ်မှတ်ခဲ့ပါတယ်။

ဒါကြောင့် အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမည့်မူများကို စုစည်းပြုစုရာတွင် ယင်းမြို့နယ်များကို ပြောင်းလဲသတ်မှတ်ထားတဲ့ အမည်များအတိုင်း ဖော်ပြသွားမှာ ဖြစ်ကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ယခုဆိုရင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအနေနဲ့ ချမှတ်ခဲ့ပြီးဖြစ်တဲ့ အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများကို ရှင်းလင်းတင်ပြလို့ ပြီးပါပြီ။ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအပေါ် အခြေခံကာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲရမှာ ဖြစ်ပါတယ်။

အမျိုးသားညီလာခံက အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် လိုက်နာရမည့် နည်းလမ်းများကိုလည်းကောင်း၊ ဆက်လက်ဆောင်ရွက်ရမည့် နည်းလမ်းအနေဖြင့် အောက်ခြေမှတ်စုနှင့် မှတ်ချက်များကိုလည်းကောင်း ရေးသားဖော်ပြထားခဲ့ပါတယ်။ ဒါ့အပြင် အမျိုးသားညီလာခံက တစ်ပါတည်း ဆောင်ရွက်ပေးရမယ့် ကိစ္စရပ်များကိုလည်း ရေးသားသတ်မှတ်ပေးခဲ့ပါတယ်။

အမျိုးသားညီလာခံက တစ်ပါတည်းဆောင်ရွက်ပေးရမယ့် ကိစ္စရပ်များကိုလည်း သတ်မှတ်ပေးထားတဲ့အတိုင်း အမျိုးသားညီလာခံက ဆောင်ရွက်ပြီးဖြစ်တဲ့အတွက်ကြောင့် ထိုဆောင်ရွက်ရမည့် နည်းလမ်းများကို ဆက်လက်ဖော်ပြရန် မလိုအပ်တော့ပါ။

ယခုအခါ အမျိုးသားညီလာခံက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရာတွင် အခြေခံရမယ့် အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ပြည့်စုံအောင်မြင်စွာ ချမှတ်ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်တာကြောင့် အထက်တွင် ကျွန်တော် ရှင်းလင်းပြောကြားသွားတဲ့ အချက်များကို ဆက်လက်ဖော်ပြရန် မလိုအပ်တော့လို့ သုံးသပ်ရရှိပါတယ်။

ဒါကြောင့် အခြေခံမူများနဲ့အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရာမှာ ရှင်းလင်းလွယ်ကူမှုရှိစေရန်နှင့် ဆောင်ရွက်ရမယ့်နည်းလမ်းများ သိရှိစေရန်တို့အတွက် အောက်ခြေမှတ်စုအဖြစ် ဖော်ပြထားတဲ့ ရေးသားချက်များနဲ့ ညီလာခံက တစ်ပါတည်း ဆောင်ရွက်ပေးရမယ့်ကိစ္စရပ်များကို ဖော်ပြထားတဲ့ရေးသားချက်များဖြစ်တဲ့–

"၁။ နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဓ)အပိုဒ်ခွဲ(၅)နှင့် ယင်းအခန်း၏ အောက်ခြေမှတ်စုများ၊
၂။ နိုင်ငံတော်အခန်းအတွက် ချမှတ်ခဲ့သည့် အသေးစိတ်အခြေခံရမည့်မူအပိုဒ် ၁မှ ၅ကို နိုင်ငံတော်အခြေခံမူများအခန်းရှိ နိုင်ငံတော်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများခေါင်းစဉ်သို့ ပြောင်းရွှေ့ဖော်ပြပြီးဖြစ်သည့်အတွက် ထိုအပိုဒ် ၁မှ ၅အထိနှင့် ယင်း၏အောက်ခြေမှတ်စုများ၊
၃။ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းရှိ အောက်ခြေမှတ်စုများ၊
၄။ နိုင်ငံတော်အကြီးအကဲအခန်းရှိ အောက်ခြေမှတ်စုများ၊
၅။ နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဃ)အပိုဒ်ခွဲ(၅)နှင့်(၆)၊
၆။ အမျိုးသားညီလာခံက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများကို တစ်ပါတည်း သတ်မှတ်ပေးရေးအတွက် ချမှတ်ပေးထားသော နည်းလမ်းများနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(၁)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၅)ခုတို့ကို အမျိုးသားညီလာခံက တစ်ပါတည်း သတ်မှတ်ပေးပြီးဖြစ်သည့်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသသတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် နည်းလမ်းများဖြစ်သည့် အပိုဒ်(က)မှ (ဃ)အထိ၊
၇။ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း၊ အပိုဒ် ၃၄(ဃ)"

တို့ကို ဖော်ပြခြင်းမပြုတော့ပါကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

ယခုဆိုရင် အမျိုးသားညီလာခံကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရာမှာ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အောင်မြင်စွာ ချမှတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ခိုင်မာတဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ကျင်းပတဲ့အမျိုးသား ညီလာခံကာလတစ်လျှောက် အမျိုးသားညီလာခံကိုယ်စားလှယ်များအနေနဲ့ အင်တိုက်အားတိုက် ပါဝင်တက်ရောက်ခဲ့ကြပြီး အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်နိုင်အောင် ကျယ်ကျယ်ပြန့်ပြန့်လေ့လာပြီး စိတ်ပါဝင်စားစွာ အကြံပြုဆွေးနွေးခဲ့ကြတဲ့အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ အမျိုးသားညီလာခံကြီးအောင်မြင်စွာ ကျင်းပပြီးစီးရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့အတွက်လည်း ဂုဏ်ယူမှတ်တမ်းတင်ပါကြောင်း ပြောကြားရင် နိဂုံးချုပ်အပ်ပါတယ်။ ။



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့ ရန်ကုန်မြောက်ပိုင်းခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် သီဆိုကပြဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေနှင့် ပန်းခြင်းပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး ရန်ကုန်မြောက်ပိုင်းခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၂၃

**ရန်ကုန်မြောက်ပိုင်းခရိုင်၏ ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပင်မယန္တရား(တောင်)ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ တက်ရောက်အားပေးသည်။**

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အစီအစဉ်အရ ရန်ကုန်မြောက်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကျင်းပဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အနုပညာရှင်များက အပျိုတော်ယိမ်း၊ တစ်ပင်တိုင်အက၊ ယဉ်ကျေးမှုတက္ကသိုလ် အမျိုးသမီးဆိုင်းအဖွဲ့များဖြင့် တင်ဆက်ဖျော်ဖြေကြပြီး တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဇနီးဒေါ်မာမာဝေတို့က သီဆိုကပြဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေကျပ် နှစ်သိန်းကို ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် ပထမတန်းတွင်၄၂ဦး၊ဒုတိယတန်းတွင်၁၄၈ဦး စုစုပေါင်း ၁၉၀ ပါဝင်ယှဉ်ပြိုင်ကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

# ရေးမြို့နယ် ကလော့ကြီးကျေးရွာ စပါးစိုက်ခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်

**ရန်ကုန် ဩဂုတ် ၂၃**

မွန်ပြည်နယ် ရေးမြို့နယ် ကလော့ကြီးကျေးရွာ၌ စပါးပိုမိုထွက်ရှိရေးနှင့် ငါးကဏ္ဍ တိုးတက်ရေးတို့ကို မျှော်မှန်း၍ ငါးလုပ်ငန်းဦးစီးဌာနက စပါးစိုက်ခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားကို ဩဂုတ် ၉ရက်တွင် အဆိုပါကျေးရွာ၌ ကျင်းပရာ ရေးတပ်နယ်မှ ဗိုလ်မှူးချုပ်ချိုထွန်းအောင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်တို့က အမှာစကား ပြောကြားကြပြီး မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းကြည်က စပါးစိုက်ခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကလော့ကြီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးလွင်က ကျေးဇူးတင် စကားပြောကြားပြီး လယ်သမား ၃၅ဦးတို့၏ ဧက ၁၀၀ရှိ စပါးစိုက်ခင်းများအတွင်းသို့ ငါးခုံးမကောင်ရေ ၅၀၀၀၀ကို စိုက်ထည့်ပေးကြကြောင်း သိရှိရသည်။**(အောက်ပုံ)**(သတင်းစဉ်)



# အရှင်စန္ဒသာရ (ကျောင်းကုန်း)တရားပွဲ

**ရန်ကုန် ဩဂုတ် ၂၃**

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ ဒက္ခိဏာရာမ ရွှေကျင်ပရိယတ္တိစာသင်တိုက်မှ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်သာသနာပြု ဓမ္မကထိက ဆရာတော် အရှင်စန္ဒသာရ (ကျောင်းကုန်း) အရှင်သူမြတ်သည် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ပဋိစ္စသမုပ္ပာဒ်သစ္စာလေးပါး တရားတော်များကို ရန်ကုန်မြို့ သာကေတ အောင်စကြာ မိုးကုတ်ဝိပဿနာ ကျောင်းတိုက်ကြီး၌ ဩဂုတ် ၁၉ရက်မှ ၂၈ရက်အထိ ဟောကြားလျက်ရှိသည်။

ဆက်လက်၍ ဩဂုတ် ၃၀ရက်မှ စက်တင်ဘာ ၅ရက်အထိ ဒေးဒရဲမြို့ မော်အိုင် မိုးကုတ်ဝိပဿနာကျောင်းတိုက်၌ လည်းကောင်း၊ စက်တင်ဘာ ၆ရက်မှ ၁၁ရက်အထိ ကျောင်းကုန်းမြို့ မျက်ရှင်တော် ပြည်လုံးချမ်းသာဘုရားကြီး၌ လည်းကောင်း ဟောကြားတော်မူမည်ဖြစ်သည်။ ဆရာတော်နှင့် ဆက်သွယ်လိုပါက ဖုန်း–၀၄၆–၄၀၄၉၈၊ ၀၉–၅၁၄၇၄၄၈တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က–ပ)

**လှူဒါန်း**

**ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် လှည်းကူးမြို့ အောင်မင်္ဂလာရပ်ကွက် (၄)လမ်းနေ ဦးတင်ဝင်း၊ ဒေါ်ခင်ခင်ဦးနှင့် မောင်နှမတစ်စုတို့က ငွေကျပ် ၂၀၀၀၀၀ ကို လှူဒါန်းရာ စေတီတော် ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်း၊ ဦးအုန်းကြိုင်တို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။**
(က–ပ)



# အခြေခံ ပန်းအလှပြုပြင်မှု သင်တန်းဖွင့်မည်

**ရန်ကုန် ဩဂုတ် ၂၃**

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံပန်းအလှပြုပြင်မှုသင်တန်း အမှတ်စဉ်(၃/၂၀၀၇)ကို စက်တင်ဘာ ၁၃ ရက်မှ ၂၂ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ၁၂ နာရီအတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ်ခန်းမဆောင်၌ သင်တန်းသား၊ သင်တန်းသူ ၅၀ ဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် တစ်ဦးလျှင် ငွေကျပ် ၇၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ငွေကျပ် ၈၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း–၃၇၉၃၆၁သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်းနှင့် မကြာမီတွင် ဆက်လက်၍ အဆင့်မြင့် ပန်းအလှပြုပြင်မှုသင်တန်းကို အခြေခံဆင်းပြီးသူများဖြင့် ဆက်လက်ဖွင့်လှစ်ရန် အစီအစဉ်ရှိကြောင်း သိရသည်။ (၄၅)

**ဒီဇယ်ဆီ၊ ဓာတ်ဆီတွေကို ပြည်ပက ဝယ်ယူတင်သွင်း၊ နိုင်ငံတော်က စိုက်ထုတ် အရှုံးခံပြီး ပြည်တွင်းမှာ ဖြန့်ဖြူးရောင်းချလာခဲ့တဲ့ ကာလတွေကိုကျတော့ ဒီနေ့ အပုပ်ချနေတဲ့အုပ်စုတွေ ချက်ချင်းမေ့ပစ်လိုက်ကြပြီလား။**

မြင့်ပြီးနေကြပါပြီ။ ဥပမာ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းတရုတ်နိုင်ငံမှာဆိုရင် ၂၀၀၃ခုနှစ်ကစပြီး ယနေ့အထိ လောင်စာဆီဈေးနှုန်းကို ၁၂ကြိမ်တိုင်တိုင် တိုးမြှင့်ပြီးပြီလို့ဆိုပါတယ်။ ဒီတော့ ကျွန်တော်တို့တစ်နိုင်ငံတည်း ဈေးတက်ဖို့ ကျန်နေတာလို့တောင် ပြောနိုင်ပါတယ်။ ကမ္ဘာ့ဈေးကွက်နဲ့ချိန်ထိုးရရင် ၂၀၀၀ပြည့်နှစ်လောက်က ရေနံစိမ်းတစ်စည်ကို အမေရိကန်ဒေါ်လာ ၂၂ နဲ့ ၂၈ ဒေါ်လာကြားလောက်မှာ ငြိမ်နေရာကနေ ၂၀၀၃ခုနှစ်နှောင်းပိုင်း အီရတ်စစ်ပွဲ အခြေအနေဆိုးလာတဲ့အချိန်ကစပြီး တရိပ်ရိပ်

**...နေတဲ့ တချို့အိမ်နီးချင်းနိုင်ငံတွေမှာဆိုရင် ပုဂ္ဂလိက...ကကပဲ ဖြန့်နေကြတာပါ။ စီးပွားရေးလုပ်ငန်းမို့လို့...င် တင်ထားကြမှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံလို...ာမျိုးမဟုတ်သလို သူတို့ပြည်သူကလည်း ဈေးကွက်...လက်ခံလိုက်ကြရတာပါပဲ။ ကျွန်တော်တို့၊ ခင်ဗျားတို့...သိအမြင်၊ အတွေးလေးတွေ ပြောင်းလဲလာသင့်ပါပြီ။**

တက်လာခဲ့တယ်လို့ဆိုပါတယ်။ ၂၀၀၅ခုနှစ်မတ်လမှာ ရေနံစိမ်းတစ်စည် ၅၇ ဒေါ်လာဈေးရောက်လာတော့ ဈေးကွက်လေ့လာသူတွေက ရေနံဈေးနှုန်းဟာ ဒေါ်လာ ၅၀ အမှတ်ကို ကျော်ပြီး အမြင့်ဆုံး ၁၀၅ ဒေါ်လာအထိ တဖြည်းဖြည်းရောက်သွားနိုင်တယ်လို့ တစ်ကြိမ်ခန့်မှန်းခဲ့ကြပါတယ်။ ဒီခန့်မှန်းချက် မှန်/မမှန်ဆိုတာ ဒီနေ့ပေါက်ဈေး တစ်စည် ၇၁ ဒသမ ၀၈ ဒေါ်လာဆိုတာက သက်သေပြနေပါပြီ။ ရေနံဈေးဟာ နောက်ငါးနှစ်က ၁၀နှစ်အထိ ဆက်တက်နေဦးမယ်လို့ ခန့်မှန်းထားကြတယ်ဆိုတာလည်း လေ့လာတွေ့ရှိရပါတယ်။

တချို့ပညာရှင်တွေက လက်ရှိနည်းပညာနဲ့ စီးပွားဖြစ်ထုတ်နိုင်တဲ့ ရေနံသိုက်တွေထပ်တွေ့ဖို့ မဖြစ်နိုင်တော့လို့ ရေနံဈေးထပ်တက်ဖို့ပဲရှိတယ်လို့ ခန့်မှန်းကြတာလည်း တွေ့ရပါတယ်။ တချို့ကလည်း ရေနံတွေ ကုန်ခန်းသွားလို့မဟုတ်ဘဲ ထုတ်ယူတဲ့ လုံလောက်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ လက်တွန့်နေကြတာကြောင့်ဖြစ်တယ်လို့ ဆိုပြန်ပါတယ်။ ဘာပဲဖြစ်ဖြစ် ရေနံဈေးတွေ တရိပ်ရိပ်တက်တာကြောင့် ကျွန်တော်တို့ ပြည်တွင်းကိုလည်း ဂယက်ရိုက်လာတာဖြစ်တယ်ဆိုတာကိုတော့ ကောက်ချက်ဆွဲလို့ရပြီပေါ့။

ဆော်ဒီအာရေဗျဦးဆောင်တဲ့ အိုပက် (OPEC)အဖွဲ့ကလည်း ရေနံဈေးနှုန်းကို ကြောင်းကျိုးညီညွတ်တဲ့ဈေးနှုန်း (Reasonable Price)တစ်ခုမှာ တည်တံ့နေဖို့ ကြိုးပမ်းနေတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ၁၉၈၅ခုနှစ်တုန်းက ကမ္ဘာ့ရေနံထုတ်လုပ်မှုဟာ သုံးစွဲမှုထက် ၁၅ရာခိုင်နှုန်း အပိုရှိနေရာက ၂၀၀၅ခုနှစ်မှာ ၁ ရာခိုင်နှုန်းပဲ အပိုရှိတော့တယ်ဆိုတော့ ဒီအကျပ်အတည်းကို ထိန်းနိုင်ဖို့ ခက်ခဲပါလိမ့်မယ်။ ဒါ့အပြင် ရေနံမြေတစ်ခုစတင်တဲ့အဆင့်ကနေ ရေနံထွက်တဲ့အဆင့်အထိ ပျမ်းမျှခုနစ်နှစ်လောက် အချိန်ယူရတယ်ဆိုတော့ အရှိန်အဟုန်နဲ့ လုပ်ငန်းများ တိုးချဲ့တဲ့တိုင်အောင် ရေနံဈေးနှုန်းကျဖို့ဆိုတာ အချိန်အများကြီး စောင့်ရဦးမှာပါ။ ဒီတော့ ရေနံဈေးနှုန်းနဲ့ပတ်သက်ပြီးပြောရရင် ရေနံအလုံအလောက် မထွက်သေးတဲ့ ကျွန်တော်တို့နိုင်ငံဟာ ပြည်ပဈေးနှုန်းအပေါ် အထိုက်အလျောက် မှုတည်နေဦးမှာပဲဆိုတာ သိစေချင်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေရဲ့ ဒီဇယ်၊ ဓာတ်ဆီဈေးနှုန်းဆိုရင်လဲ ပြည်ပပေါက်ဈေးပေါ် မူတည်ပြီး မကြာခဏ ပြောင်းလဲနေတယ်လို့ သိရပါတယ်။

ဆက်ပြီး ကျွန်တော်တို့ဆီမှာ အခုတိုးမြှင့်လိုက်တဲ့ ဓာတ်ဆီ၊ ဒီဇယ်ဆီဈေးနှုန်းတွေနဲ့ အိမ်နီးချင်းထိုင်းနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ဈေးနှုန်းတွေ နှိုင်းယှဉ်ကြည့်ကြရအောင်ပါ။ ဇူလိုင်လအတွင်း ဈေးနှုန်းအရ ထိုင်းနိုင်ငံမှာ ဓာတ်ဆီတစ်လီတာကို ဘတ် ၃၀ ဝန်းကျင်၊ ဒီဇယ်ဆီတစ်လီတာကို ၂၆ ဘတ် ဝန်းကျင်ဖြစ်ပါတယ်။ တစ်ဂါလန်မှာ ၄ ဒသမ ၅၄ လီတာဆိုတော့ ဓာတ်ဆီတစ်ဂါလန်ကို ၁၃၆ဘတ်(၃ ဒသမ ၅ ဒေါ်လာ)၊ ဒီဇယ်တစ်ဂါလန်ကို ၁၁၈ ဘတ် (၃ ဒသမ ၁ ဒေါ်လာ)ဝန်းကျင်ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံနဲ့နှိုင်းယှဉ်ပြီးရင် အမေရိကန်လို ကမ္ဘာ့ဒီမိုကရေစီနိုင်ငံကြီးနဲ့ ဆက်ပြီး နှိုင်းယှဉ်ကြည့်ပါဦးမယ်။ ဒီနေ့ အမေရိကန်မှာ ပေါက်ဈေး ဓာတ်ဆီတစ်ဂါလန်ကို ၃ဒသမ ၁၉ ဒေါ်လာကနေ ၃ ဒသမ ၅၁ ဒေါ်လာထိရှိပြီး ဒီဇယ်တစ်ဂါလန်ကို ၂ ဒသမ ၉၁ ဒေါ်လာပါ။ ဒါဆိုရင် ကျွန်တော်တို့ဆီမှာ တက်ပြီးသားဈေးနှုန်းဟာ သူတို့နိုင်ငံတွေပေါက်ဈေးနဲ့နှိုင်းစာရင် အများကြီး သက်သာနေသေးတယ်ဆိုတာ တော်တော့်ကိုထင်ရှားနေပါပြီ။ အခုလိုဈေးမတက်ခင်က ကျွန်တော်တို့ဆီမှာ ဘယ်လောက်အထိအရှုံးခံပြီး အစိုးရက ရောင်းပေးနေခဲ့ရတယ်ဆိုတာ တစ်ဖက်သတ် အပြစ်ဖို့နေတဲ့ ဆန့်ကျင်ဘက်အုပ်စုတွေ သိစေချင်ပါတယ်။ သိပြီးရင်လည်း ကျွန်တော်တို့နဲ့အတူ တည်ဆဲအစိုးရဘက်က နည်းနည်းလောက်တော့ စဉ်းစားပေးကြစေချင်ပါတယ်။

**အထက်မှာပြောခဲ့တဲ့ နိုင်ငံတော်က စိုက်ထုတ်ကျခံ သုံးစွဲပြီး ပြည်သူ့အတွက် အရှုံးခံနေတယ်ဆိုတာ တကယ့်စေတနာအမှန်ပါ။ ဒါပေမယ့် ခင်ဗျားတို့သိတဲ့အတိုင်း ဒေါ်စုကြည်တို့၊ NLDတို့ရဲ့ အပင့်အထောင် ကောင်းမှုကြောင့် စီးပွားရေးပိတ်ဆို့မှုတွေနဲ့ ကိုယ့်အားကိုယ်ကိုး ရုန်းကန်ရပ်တည်နေရတဲ့ အစိုးရတစ်ရပ်အဖို့မှာ ဒီလိုအရှုံးခံနိုင်ဖို့ အတော့်ကို အားထုတ်ရမယ်ဆိုတာကို ကျွန်တော်တို့ မသိချင်ယောင် မဆောင်သင့်ပါဘူး၊ ဒါ့အပြင် "အင်္ဂလိပ်အခက် ဗမာ့အချက်"ဆိုသလို တည်ဆဲအစိုးရရဲ့ လုပ်ရပ်တိုင်းကို အကွက်ချောင်းပြီး ပြည်သူကို လှုံ့ဆော်သွေးထိုးဖို့ ကြိုးစားနေတဲ့ ပုဆိန်ရိုးတွေရဲ့ အပုပ်ချစကားကိုလည်း ပြည်သူက နားမယောင်သင့်ပါဘူး၊ ကျွန်တော်က ဒါကိုပြောချင်တာပါ။ မျှမျှတတစဉ်းစားပြီး မျှမျှတတပဲ ပြောဆိုဆောင်ရွက်သင့်တယ်လို့ ဆိုချင်တာပါ။**

**တည်ဆဲအစိုးရအနေနဲ့ ပြည်သူတွေအတွက် ကဏ္ဍအတော်များများမှာ အရှုံးခံပြီး စိုက်ထုတ်ကျခံ သုံးစွဲပေးနေရတဲ့အပြင် တစ်ဖက်ကလည်း အနာဂတ် ဒီမိုကရေစီနိုင်ငံတော်အတွက် လိုအပ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေးအခြေခံအဆောက်အအုံ (Infrastructure)တွေကို နေ့မအား၊ ညမနား အရှိန်အဟုန်ပြင်းပြင်းနဲ့ တည်ဆောက်အကောင်အထည်ဖော်ပေးနေတယ်ဆိုတာ ဘယ်နေရာမှာကြည့်ကြည့် လက်ညှိုးထိုးမလွဲတဲ့ တိုးတက်ဖြစ်ထွန်းမှု ရလဒ်အသီးအပွင့်တွေက သက်သေခံနေပါပြီ။** ဒါတွေကလည်း ဘယ်လောက်အထိ ကုန်ကျစရိတ်တွေရှိနေမယ်ဆိုတာ ခင်ဗျားတို့၊ ကျွန်တော်တို့အားလုံး တွက်တတ်ကြပါတယ်။ ဒီတည်ဆောက်ရေးလုပ်ငန်းတွေရော၊ ပြည်သူ့အတွက် စိုက်ထုတ်အရှုံးခံပေးနေတာတွေရော ပေါင်းကြည့်ရင် ဝန်ထုပ်ဝန်ပိုး သိပ်ကိုကြီးလွန်းနေပါပြီ။ မနိုင်ဝန်ကို ဆက်ထမ်းရင် တစ်ချိန်ချိန်မှာ အန္တရာယ်ရှိလာတော့မှာပါ။ **ဒါကြောင့် နိုင်ငံတကာနဲ့ညှိပြီး လျှော့ချသင့်တဲ့ ဝန်ထုပ်ဝန်ပိုးတွေကို မျှတလျှော့ချကြရမှာပါပဲ၊ ဒါကို ကျွန်တော်တို့ နိုင်ငံ့မျက်နှာကိုကြည့်ပြီး လက်ခံကြရပါလိမ့်မယ်။ အစိုးရအပေါ် ပိနေတဲ့ဝန်ထုပ်ဝန်ပိုးကို နိုင်ငံသားတိုင်း ကိုယ်စီကိုယ်င မျှပြီး ဝင်ထမ်းပေးကြရပါမယ်။ ကိုယ့်မိဘ ပင်ပန်းနေတာကို ဝိုင်းပြီး မကူဘူး၊ မျှမထမ်းချင်ဘူးဆိုရင် အဲဒါ သားသမီးဘယ်ဟုတ်တော့မှာလဲ။ ဒီလိုခံယူတတ်မယ်ဆိုရင် ဒီနေ့ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ အခက်အခဲဆိုတာ ပါမွှားသေးသေးလေးပါ။** ကျွန်တော်တို့ မျှထမ်းပေးတော့ နိုင်ငံတော်က နည်းနည်းသက်သာတာပေါ့ဗျာ၊ မဟုတ်ဘူးလား။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ⇨**

**နိုင်ငံတော်က စိုက်ထုတ်ကျခံသုံးစွဲပြီး ပြည်သူ့အတွက် အရှုံးခံနေတယ်ဆိုတာ တကယ့်စေတနာအမှန်ပါ။ ဒါပေမယ့် ခင်ဗျားတို့သိတဲ့အတိုင်း ဒေါ်စုကြည်တို့၊ NLD တို့ရဲ့ အပင့်အထောင်ကောင်းမှုကြောင့် စီးပွားရေးပိတ်ဆို့မှုတွေနဲ့ ကိုယ့်အားကိုယ်ကိုး ရုန်းကန်ရပ်တည်နေရတဲ့ အစိုးရတစ်ရပ်အဖို့မှာ ဒီလိုအရှုံးခံနိုင်ဖို့ အတော့်ကို အားထုတ်ရမယ်ဆိုတာကို ကျွန်တော်တို့ မသိချင်ယောင် မဆောင်သင့်ပါဘူး၊ ဒါ့အပြင် "အင်္ဂလိပ်အခက် ဗမာ့အချက်" ဆိုသလို တည်ဆဲအစိုးရရဲ့ လုပ်ရပ်တိုင်းကို အကွက်ချောင်းပြီး ပြည်သူကို လှုံ့ဆော်သွေးထိုးဖို့ ကြိုးစားနေတဲ့ ပုဆိန်ရိုးတွေရဲ့ အပုပ်ချစကားကိုလည်း ပြည်သူက နားမယောင်သင့်ပါဘူး၊ ကျွန်တော်က ဒါကို ပြောချင်တာပါ။ မျှမျှတတစဉ်းစားပြီး မျှမျှတတပဲ ပြောဆို ဆောင်ရွက်သင့်တယ်လို့ ဆိုချင်တာပါ။**

**တည်ဆဲအစိုးရအနေနဲ့ ပြည်သူတွေအတွက် ကဏ္ဍအတော်များများမှာ အရှုံး ခံပြီး စိုက်ထုတ်ကျခံ သုံးစွဲပေးနေရတဲ့အပြင် တစ်ဖက်ကလည်း အနာဂတ် ဒီမိုကရေစီနိုင်ငံတော်အတွက် လိုအပ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံ (Infrastructure)တွေကို နေ့မအားညမနား အရှိန်အဟုန်ပြင်းပြင်းနဲ့ တည်ဆောက်အကောင်အထည် ဖော်ပေးနေတယ်ဆိုတာ ဘယ်နေရာမှာကြည့်ကြည့် လက်ညှိုးထိုးမလွဲတဲ့ တိုးတက်ဖြစ်ထွန်းမှု ရလဒ် အသီးအပွင့်တွေက သက်သေခံနေပါပြီ။**

**နိုင်ငံတကာနဲ့ညှိပြီး လျှော့ချသင့်တဲ့ ဝန်ထုပ်ဝန်ပိုးတွေကို မျှတ လျှော့ချကြရမှာပါပဲ၊ ဒါကို ကျွန်တော်တို့ နိုင်ငံ့မျက်နှာကို ကြည့်ပြီး လက်ခံကြရပါလိမ့်မယ်။ အစိုးရအပေါ် ပိနေတဲ့ ဝန်ထုပ်ဝန်ပိုးကို နိုင်ငံသားတိုင်း ကိုယ်စီကိုယ်င မျှပြီး ဝင်ထမ်းပေးကြရပါမယ်။ ကိုယ့်မိဘပင်ပန်းနေတာကို ဝိုင်းပြီးမကူဘူး၊ မျှမထမ်းချင်ဘူးဆိုရင် အဲဒါ သားသမီးဘယ်ဟုတ်တော့မှာလဲ။ ဒီလိုခံယူတတ်မယ်ဆိုရင် ဒီနေ့ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ အခက်အခဲဆိုတာ ပါမွှားသေးသေးလေးပါ။**

➪ စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

ဒါကိုပဲဆန့်ကျင်ဘက်အုပ်စုတွေက အစိုးရနဲ့ပြည်သူကို ရန်တိုက်ပေးနေတာဟာ တစ်ဆိတ်မလွန်လွန်းဘူးလားဗျာ။ မိဘနဲ့သားသမီးကြားဝင်ပြီး ရန်တိုက်ရင်တော့ ဘယ်သူနိဂုံးမလှဖြစ်မယ်ဆိုတာ အားလုံးသိပြီးသားဖြစ်မှာပါ။

**ကျွန်တော် တင်ပြခဲ့သလို ကမ္ဘာနဲ့အဝန်း လောင်စာဈေးတွေ အဆမတန်မြင့်လာတာ ကြာပါပြီ။ တည်ဆဲအစိုးရက အခုမှ နိုင်ငံတော်ဘဏ္ဍာဆုံးရှုံးမှု နည်းနည်းလေးခံသာရုံ လောင်စာဆီဈေးကို မြှင့်ခဲ့ရတာပါ။ မြှင့်တယ်ဆိုတာတောင် တခြားနိုင်ငံတွေနဲ့ ယှဉ်ရင် အများကြီးသက်သာနေပါသေးတယ်။ ကျွန်တော်သိရသလောက် အခုသတ်မှတ်တဲ့ဈေးဟာ အစိုးရအဖို့ အမြတ်နေနေသာသာ အရင်းတောင် မကျေပါဘူး။ ရှုံးနေပါသေးတယ်။ ဒါပေမယ့် အရှုံးကြီးရာကနေ အရှုံးနည်းသွားရုံလေးပါ။ ဘာပဲဖြစ်ဖြစ် တည်ဆဲအစိုးရအနေနဲ့ ကိုယ့်မှာရှိတဲ့အင်အားနဲ့ ပြည်သူအတွက် အဆင်ပြေဆုံးဖြစ်အောင် ဆောင်ရွက်ပေးနေတယ်ဆိုတာကတော့ ယုံမှားသံသယဖြစ်ဖွယ် လုံးဝမရှိပါဘူး။**

တကယ်တော့အစိုးရအနေနဲ့ ပြည်သူကိုသာမငဲ့ရင် ဒီလုပ်ငန်းကို ပုဂ္ဂလိကလက် ဝကွက်အပ်လိုက်ရုံပါပဲ။ ဒါဆို ကျွန်တော်တို့၊ ခင်ဗျားတို့ တောင့်တနေတဲ့ ဈေးကွက်စီးပွားရေးကြီးထဲမှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေက အမြင်တွေကျယ်ပြီး နိုင်ငံတကာဈေးနှုန်းတွေထက် မနိမ့်ရအောင် တောင်းပြပါလိမ့်မယ်။ အဲဒီအခါကျရင် ဒီနေ့လို ဆန့်ကျင်ဘက်အုပ်စုတွေ ဘာပြောမလဲဆိုတာ ကျွန်တော်စောင့်တောင်ကြည့်ချင်ပါသေးတယ်။ **ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးနေတဲ့ တချို့အိမ်နီးချင်းနိုင်ငံတွေမှာဆိုရင် ပုဂ္ဂလိကကပဲ ပြည်ပက မှာယူတင်သွင်းပြီး ပုဂ္ဂလိကကပဲ ဖြန့်နေကြတာပါ။ စီးပွားရေးလုပ်ငန်းမို့လို့ ဝယ်ရင်းဈေးထက် အမြတ်ရနိုင်သမျှရအောင် တင်ထားကြမှာပဲဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံလို အစိုးရကဝင်ပါပြီး အရှုံးခံ ရောင်းပေးနေတာမျိုးမဟုတ်သလို သူတို့ပြည်သူကလည်း ဈေးကွက်စီးပွားရေးပီပီ ဖြစ်နေတဲ့ဈေးအတိုင်း လက်ခံလိုက်ကြရတာပါပဲ။ ကျွန်တော်တို့၊ ခင်ဗျားတို့လည်း ဈေးကွက်စီးပွားရေးနဲ့ ညီအောင် အသိအမြင်၊ အတွေးလေးတွေ ပြောင်းလဲလာသင့်ပါပြီ။**

ဒီလိုပြောလို့ ကျွန်တော်အစိုးရဘက်က ရှေ့နေလိုက်တယ် မထင်ပါနဲ့။ သူ့ဘက်ကိုယ့်ဘက်မျှပြီး ကြည့်ဖို့လိုတယ်လို့ ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ဒါကြောင့် မျှမျှတတ ကြည့်ပေးနေတာပါ။ မျက်မှန်စိမ်းတပ်ပြီး ကြည့်နေသူတွေကို ကျွန်တော်ရှင်းပြနေတာပါ။

ဆက်ရရင် မိဘနဲ့သားသမီးဥပမာကိုပဲ ပြန်ကောက်ရပါဦးမယ်။ မိဘတိုင်းက ကိုယ့်သားသမီးကို ပညာရေးဆုံးခန်းတိုင်အောင်၊ ဘဝအဆင့်မြင့်နိုင်သမျှမြင့်အောင် မြှင့်ပေးချင်ကြတာ သဘာဝပါပဲ။ ၁၉၈၈ မတိုင်မီက တက္ကသိုလ်ပညာဆိုတာ ကြေးရတတ် သားသမီးတွေပဲ သင်ယူခွင့်ရခဲ့တာပါ၊ တက္ကသိုလ်၊ကောလိပ်ဆိုတာ အနည်းအကျဉ်းသာရှိပြီး ရှိတဲ့အနည်းအကျဉ်းကလည်း မြို့ကြီးတွေမှာသာ ရှိခဲ့တာ မဟုတ်လား။ ဒီတော့ မြို့ကြီးသူ၊ မြို့ကြီးသားတွေသာ အဆင်ပြေခဲ့ပြီး ဝေးလံခေါင်သီတဲ့ အစွန်အဖျားဒေသတွေကဆိုရင် ကြေးရတတ်သားသမီးတွေသာ မြို့ကြီးတွေမှာ အများကြီး ငွေကြေးကုန်ကျခံ၊ ပင်ပန်းဆင်းရဲခံပြီးမှ ပညာရင်နို့ သောက်စို့ခွင့်ရခဲ့ကြပါတယ်။ ငွေကြေးမတတ်နိုင်သူတွေကတော့ အဆုံးစွန် ဆယ်တန်းအောင်ပြီးရင် ကျောင်းထွက်ပြီး အလုပ်လုပ်ကြရတာပါပဲ။ အခုတော့

**တည်ဆဲအစိုးရရဲ့ ကျေးဇူးကြောင့် တစ်နိုင်ငံလုံးရဲ့ ဒေသအသီးသီးမှာ အခွင့်အလမ်းတွေ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ပြီး တက္ကသိုလ်ကြီးတွေ၊ ဒီဂရီကောလိပ်ကြီးတွေလည်း အပြိုင်းအရိုင်း ဖြစ်တည်လာခဲ့ပါပြီ။ ဒီတော့ အစွန်အဖျားဒေသက မိဘတွေလည်း ကိုယ့်သားသမီးကို ကိုယ့်ဒေသဝန်းကျင်မှာပဲ သက်သောင့်သက်သာနဲ့ တက္ကသိုလ်ပညာကို ဆုံးခန်းတိုင်အောင် အမွေပေးနိုင်ခဲ့ပါပြီ။**

**အခွင့်အရေးလေးတစ်ခုပေါ်တာနဲ့ ကျွက်ကျွက်ညံအောင် ဗလောင်းဗလဲ အော်ချင်ဟစ်ချင်၊ ပြဿနာရှာချင်တဲ့ ဆန့်ကျင်ဘက်အုပ်စုတွေကိုလည်း တစ်ဆက်တည်း သတိပေးလိုက်ချင်ပါတယ်။ ကျွန်တော်တို့ မိဘနဲ့သားသမီးအကြား ဝင်မနှောင့်ချင်ပါနဲ့။ နိုင်ငံတော်နဲ့ တည်ဆဲအစိုးရအပေါ် ဆီလိုအပေါက်ရှာပြီး ပြစ်တင်စွပ်စွဲ နှောင့်ယှက်ဖျက်ဆီးချင်တဲ့ အသားထဲကလောက်ဘဝကိုလည်း စွန့်သင့်လှပါပြီ။ အဆိုးမြင်နဲ့ တစ်ဖက်သတ်ကြည့်ပြီး စွပ်စွဲပုတ်ခတ်နေရင်တော့ အပျက်တရားပဲ ဖြစ်လာမှာပါ၊ အပြုသဘောနဲ့ သူ့ဘက်ကိုယ့်ဘက် မျှမျှတတကြည့်တတ်မှသာ အမြင်မှန်ပြီး အကျိုးတရား တိုးပွားပါလိမ့်မယ်။**

တည်ဆဲအစိုးရရဲ့ ကျေးဇူးကြောင့် တစ်နိုင်ငံလုံးရဲ့ ဒေသအသီးသီးမှာ အခွင့်အလမ်းတွေ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ပြီး တက္ကသိုလ်ကြီးတွေ၊ ဒီဂရီကောလိပ်ကြီးတွေလည်း အပြိုင်းအရိုင်း ဖြစ်တည်လာခဲ့ပါပြီ။ ဒီတော့အစွန်အဖျားဒေသက မိဘတွေလည်း ကိုယ့်သားသမီးကို ကိုယ့်ဒေသဝန်းကျင်မှာပဲ သက်သောင့်သက်သာနဲ့ တက္ကသိုလ်ပညာကို ဆုံးခန်းတိုင်အောင် အမွေပေးနိုင်ခဲ့ပါပြီ။ အရင်လို ပိုက်ဆံတတ်နိုင်မှ၊ အကုန်အကျအများကြီးခံနိုင်မှ တက္ကသိုလ်ပညာ သင်ခွင့်ရတဲ့ခေတ် မဟုတ်တော့ပါဘူး၊ ဆင်းရဲတဲ့မိဘတွေလည်း ကိုယ့်သားသမီးကို ဆယ်တန်းအောင်တာနဲ့ ကျောင်းမထုတ်တော့ဘဲ တက္ကသိုလ်တက်ခွင့်ပြုနိုင်လာကြပါပြီ။ အရင်မြို့ကြီးတွေလွှတ်ပြီး ပို့ရတဲ့အချိန်ကနဲ့စာရင် အဆင့်မြင့်ပညာရေးနယ်ပယ်မှာ အခုအများကြီး အဆင်ပြေ တိုးတက်လာတယ် မဟုတ်လား။ အလားတူ အခြေခံပညာရေးနယ်ပယ်မှာလည်း ကလေးတိုင်း အခြေခံပညာသင်ကြားခွင့် ရရှိနေကြပြီ မဟုတ်လား။ ပြောရရင် မိဘတိုင်း စိတ်ချမ်းသာပြီး သားသမီးတိုင်း အနာဂတ်မျှော်လင့်ချက်ကိုယ်စီနဲ့ တက်ကြွပျော်ရွှင်နေပြီမဟုတ်ပါလား။ ဒီလို အဆင်ပြေလာတာ၊ တိုးတက်မြင့်မားလာတာ၊ စရိတ်အကုန်အကျ သက်သာလာတာဟာ တကယ်တော့ အစိုးရကို ကျေးဇူးတင်ရမှာပါ။

အလားတူပဲ ကျန်းမာရေးဘက်မှာလည်း အစွန်အဖျား နယ်စပ်မကျန် နေရာဒေသတိုင်းမှာ ဆေးရုံကြီးတွေ လက်လှမ်းတမီ ရှိလာခဲ့ပါပြီ။ ၁၉၈၈ ခုနှစ် မတိုင်ခင်က ရန်ကုန်နဲ့မန္တလေးလို မြို့ကြီးတွေမှာသာ ရနိုင်တဲ့ ဆေးကုသမှုအခွင့်အလမ်းမျိုး၊ အထောက်အပံ့ပစ္စည်းကိရိယာမျိုး နယ်မြို့တွေထိ ရောက်နေပါပြီ။ အရင်ကလို ရောဂါသည်းထန်ပေမယ့် ငွေကြေး အပါအဝင်အခက်အခဲအမျိုးမျိုးကြောင့် ရန်ကုန်၊ မန္တလေး ဆေးရုံမပို့နိုင်လို့ ဆုံးရှုံးခဲ့ရတဲ့ အသက်ပေါင်းများစွာကို ခုအချိန်မှာ နယ်ဆေးရုံကြီးတွေက အကောင်းဆုံး စွမ်းဆောင်ကယ်တင်ပေးနိုင်ခဲ့ပါပြီ။ ဒီအတွက်လည်း ကိုယ်တွေ့

**အစိုးရနဲ့ပြည်သူဆိုတာ မိဘနဲ့သားသမီးပါ။ သားသမီးမုန်းတဲ့ မိဘ၊ သားသမီး ဆင်းရဲဒုက္ခရောက်မှာကို လိုလားတဲ့ မိဘ မရှိနိုင်သလို မိဘကိုပြစ်တင်စော်ကားတဲ့ သားသမီး၊ မိဘက စေတနာနဲ့ စီမံခန့်ခွဲသမျှမနာခံဘဲ ကာပြန်တဲ့ သားသမီးဆိုတာလည်း မရှိနိုင်ပါဘူး။ ရှိခဲ့ရင်လည်း သားဆိုးသမီးဆိုးတွေ၊ အမေကျော်ပြီး ဒွေးတော်လွမ်းတဲ့ သားသမီးတွေ၊ ပထွေးကို အဖေခေါ်ချင်တဲ့ သားသမီးတွေပဲ ဖြစ်ပါလိမ့်မယ်။**

ကြုံပြီး အသက်ရှည်ရှည်နေခွင့်ရခဲ့ကြတဲ့ လူနာတွေနဲ့ ဆွေမျိုးသားချင်း မိသားစုတွေက တည်ဆဲအစိုးရရဲ့ ကျေးဇူးတရားကို တဖွဖွပြောမဆုံး ရှိနေကြမှာပါ။ အလားတူ ကျွန်တော်တို့ ပြည်သူအားလုံးကလည်း ဒီကျေးဇူးကို သိမှတ်နှလုံးသွင်းပြီး ဖြစ်တယ်ဆိုတာ ပြောချင်ပါတယ်။

ဒီလိုပဲ လမ်းပန်းဆက်သွယ်ရေးနဲ့ ပတ်သက်လို့ လမ်း၊ တံတားတွေ လက်ယှက်ထိုး ဖောက်လုပ်ဆက်သွယ်ပေးခဲ့တာအစ၊ စိုက်ပျိုးရေးနဲ့ ပတ်သက်လို့ ဆည်တမံကြီးတွေ လက်ညှိုးထိုးမလွဲဖန်ဆင်းပေးခဲ့တာအလယ်၊ စက်မှုလုပ်ငန်းနဲ့ ပတ်သက်လို့ စက်မှုဇုန်ကြီးတွေ ဖော်ထုတ်အားပေး ပံ့ပိုးပေးခဲ့တာအဆုံး တည်ဆဲအစိုးရရဲ့ အလုံးစုံသော ပြည်သူ့အကျိုး သယ်ပိုးစွမ်းဆောင်ပေးမှုတွေဟာ တကယ့်ကို အသိအမှတ်ပြု မှတ်တမ်းတင်ကြရမှာပါ။ ဒါကို ကျွန်တော်တို့ပြည်သူအားလုံးက နှစ်နှစ်ကာကာ နားလည်ယုံကြည်ထားပြီးသားပါဆိုတာ ပုဆိန်ရိုးအုပ်စုတွေ သိအောင် ကျွန်တော်ပြောချင်ပါတယ်။

ချုပ်ပြီးပြောရရင် အစိုးရနဲ့ပြည်သူဆိုတာ မိဘနဲ့သားသမီးပါ။ သားသမီးမုန်းတဲ့မိဘ၊ သားသမီး ဆင်းရဲဒုက္ခရောက်မှာကို လိုလားတဲ့ မိဘမရှိနိုင်သလို မိဘကိုပြစ်တင်စော်ကားတဲ့ သားသမီး၊ မိဘက စေတနာနဲ့ စီမံခန့်ခွဲသမျှမနာခံဘဲ ကာပြန်တဲ့ သားသမီးဆိုတာလည်း မရှိနိုင်ပါဘူး။ ရှိခဲ့ရင်လည်း သားဆိုးသမီးဆိုးတွေ၊ အမေကျော်ပြီး ဒွေးတော်လွမ်းတဲ့ သားသမီးတွေ၊ ပထွေးကို အဖေခေါ်ချင်တဲ့ သားသမီးတွေပဲ ဖြစ်ပါလိမ့်မယ်။ ဒါက အရှင်းဆုံးစကားပါ။ **ကျွန်တော်တို့ဟာ နိုင်ငံတော်ရဲ့ သားကောင်း သမီးမွန်များပီပီ ကိုယ့်မိဘရဲ့ ရင်ဆိုင်နေရတဲ့ အခက်အခဲ၊ ထားရှိတဲ့ စေတနာမေတ္တာနဲ့ မိဘအပေါ် ပြန်လည်ပေးဆပ်သင့်တဲ့ ကျေးဇူးတရားတွေကို မပြတ်နှလုံးသွင်းထားပြီးသား ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ လောင်စာဆီ ဈေးနှုန်းတက်တဲ့ကိစ္စကို စာဖွဲ့မနေကြပါဘူး။ ခေတ်ကာလအလျောက် ဖြစ်လာရတဲ့ကိစ္စ၊ တိုင်းပြည်ရဲ့ မနိုင်ဝန်ကို မျှတလျှော့ချရတဲ့ကိစ္စမို့ ဘယ်သူ့ကိုမှလည်း အပြစ်တင်နေစရာမလိုပါဘူး။ ကိုယ့်မိဘအပေါ်ပိနေတဲ့ ဝန်ထုပ်ဝန်ပိုးကို ကျွန်တော်တို့သားသမီးတိုင်းက လိုလိုချင်ချင် ဝိုင်းဝန်းပြီး မျှတထမ်းပိုးကူညီဖို့ အသင့်ပါပဲဆိုတာ ကျွန်တော် ပြတ်ပြတ်သားသား ပြောလိုက်ပါမယ်။**

ဒါ့အပြင် **အခွင့်အရေးလေးတစ်ခုပေါ်တာနဲ့ ကျွက်ကျွက်ညံအောင် ဗလောင်းဗလဲ အော်ချင်ဟစ်ချင်၊ ပြဿနာရှာချင်တဲ့ ဆန့်ကျင်ဘက်အုပ်စုတွေကိုလည်း တစ်ဆက်တည်း သတိပေးလိုက်ချင်ပါတယ်။ ကျွန်တော်တို့ မိဘနဲ့ သားသမီးအကြား ဝင်မနှောင့်ချင်ပါနဲ့။ နိုင်ငံတော်နဲ့ တည်ဆဲအစိုးရအပေါ် ဆီလိုအပေါက်ရှာပြီး ပြစ်တင်စွပ်စွဲ နှောင့်ယှက်ဖျက်ဆီးချင်တဲ့ အသားထဲကလောက်ဘဝကိုလည်း စွန့်သင့်လှပါပြီ။ အဆိုးမြင်နဲ့ တစ်ဖက်သတ်ကြည့်ပြီး စွပ်စွဲပုတ်ခတ်နေရင်တော့ အပျက်တရားပဲ ဖြစ်လာမှာပါ၊ အပြုသဘောနဲ့ သူ့ဘက်ကိုယ့်ဘက် မျှမျှတတ ကြည့်တတ်မှသာ အမြင်မှန်ပြီး အကျိုးတရားတိုးပွားပါလိမ့်မယ်။**

အကြောင်းကြောင့် အကျိုးဖြစ်တာမို့ ကြောင်းကျိုး ဆက်စပ်ဖြစ်စဉ်ကို ပစ်ပယ်လို့မရပါဘူး။ ဒါကြောင့် လက်ငင်းဖြစ်နေတဲ့ အကျိုးတရားထက် ဘာကြောင့် ဘယ်လိုဆိုတဲ့ အကြောင်းတရားကို ဆစ်ဆစ်ပိုင်းပိုင်း ရှုမြင်သုံးသပ်တတ်ဖို့လည်း အရေးကြီးပါတယ်။ နှစ်ဘက်မျှပြီး ရှုမြင်သုံးသပ်နိုင်ပါမှ အဖြေက လှမှာပါ။

**နှစ်ဘက်မျှပြီး အဖြေလှနိုင်ပါစေ။ ။**

# ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ တတိယနေ့ကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

**ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၃)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ (၂၀၀၇)ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ တတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်း၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။**

အဆိုပါ ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲသို့ ပြည်တွင်း ရတနာကုန်သည် ၇၈၄ဦးနှင့် ပြည်ပ ရတနာကုန်သည် ၂၉၇ဦးတို့ ရောက်ရှိနေကြပြီး ကျောက်မျက်ရတနာများကို ကြည့်ရှုလေ့လာကြသည်။

ရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်၍ ဩဂုတ် ၂၅ရက် အထိ ရောင်းချသွားမည်ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၃)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်း ရောင်းချပွဲ(၂၀၀၇)ကို ဩဂုတ် ၂၄ရက် နံနက် ၉နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ ရတနာကုန်သည်ကြီးများ ဩဂုတ် ၂၁ ရက်မှ ဩဂုတ် ၂၃ရက်အထိ ကြည့်ရှုလေ့လာခဲ့သော ကျောက်မျက်နှင့် ကျောက်စိမ်းများအနက် သက်ဆိုင်ရာ လေလံပုံးများအတွင်းသို့ ထည့်သွင်းထားသော ဝယ်ယူလိုသည့် အတွဲများ၏ Bargain Form များကို ဩဂုတ် ၂၄ရက် နံနက် ၇နာရီခွဲတွင် ဖွင့်ဖောက်စစ်ဆေးမည်ဖြစ်ရာ ယင်းနေ့နံနက် ၇နာရီ နောက်ဆုံးထားပြီး သက်ဆိုင်ရာ လေလံပုံးများသို့ ထည့်သွင်းရမည်ဖြစ်သည်။

(သတင်းစဉ်)

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သုဝဏ္ဏပန်းခြံအနီး သံသုမာလမ်း ဝဲ/ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် မြေအောက်ရေနုတ်မြောင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (၁၉)





# မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရေနုတ်မြောင်းများ ဆယ်ယူမှုလုပ်ငန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၃

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ကော်မတီဝင်များနှင့် ဌာနမှူးများလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်ာန်းကျွန်းမြို့နယ်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်နေမှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ရှေးဦးစွာ မြို့တော်ဝန်သည် နံနက် ၇နာရီတွင် သဃ်ာန်းကျွန်းမြို့နယ် ရေနံ့သာ ဈေးရှေ့သံသုမာလမ်းသို့ရောက်ရှိပြီး သံသုမာလမ်းဖြတ် ရေနံ့သာ ရေနုတ်မြောင်းနှင့် လမ်းဘေး ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန် အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှု၊ မိုးရာသီ သံသုမာလမ်းပေါ် ရေတင်ရှိမှု မရှိစေရေးအတွက် လမ်းရေဆင်းနှာပေါက်နှင့် လူသွားစင်္ကြံ ကဒ်တုံးဆေးများဘေးရှိ ခဲ၊ သဲနှင့်ရွှံ့မြေများ သန့်ရှင်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်သည် သဃ်ာန်းကျွန်းမြို့နယ် သုဝဏ္ဏပန်းခြံအနီး သံသုမာလမ်း ဝဲ/ယာ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အရှည် ၈၅ပေ၊ အကျယ် ခြောက်ပေနှင့် အနက် ခုနစ် ပေရှိ မြေအောက်ရေနုတ်မြောင်း တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး ကာစံချိန်စံညွှန်း ပြည့်မီစွာဖြင့် ရေရှည်ခိုင်ခံ့မှုရှိစေရန် စနစ်တကျလုပ်ဆောင်ရေးမှာ ကြားပြီး လုပ်ငန်းလိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်သည် သဃ်ာန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းနှင့် လေးထောင့်ကန် လမ်းဆုံအနီး ဝေဇယန္တာဥယျာဉ်ရှေ့ ဝေဇယန္တာလမ်း ဝဲ/ယာ အုတ်ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်မှုရှိစေရေးအတွက် တို့ချဲ့ဖောက်လုပ်ပြုပြင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ပြီးစီးရန် ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။

(၁၉)

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲ၌ အားကစားဝန်ကြီးဌာနအနိုင်ရ

နေပြည်တော် ဩဂုတ် ၂၃

**၂၀၀၇ခုနှစ် ပထမအကြိမ်နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့ညနေ ၄နာရီက နေပြည်တော် ပျဉ်းမနားပေါင်းလောင်း အားကစားကွင်း၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဘောလုံးအသင်းက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘောလုံးအသင်းကို ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး တတိယနေရာ ရရှိသွားသည်။**

**အားကစားဝန်ကြီးဌာန ငါးဂိုး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန နှစ်ဂိုး ဒိုင်လူကြီး ဦးကိုကိုနိုင်(အဖွဲ့ချုပ်)**

ပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက် တက်ရောက်အားပေးခဲ့ကြသည်။

ဩဂုတ် ၂၄ရက်ညနေ ၃နာရီခွဲတွင် နေပြည်တော် အားကစားကွင်း(၁)၌ ဗိုလ်လုပွဲအဖြစ် ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၀၇)

# နံရံပန်းချီမှပြောသော ပုဂံခေတ်ပုံရိပ်များစာအုပ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၂၃**

ယဉ်ကျေးမှုဝန်ကြီးဌာနမှ စန္ဒာခင်ပြုစုသည့် နံရံပန်းချီမှပြောသော ပုဂံခေတ်ပုံရိပ်များစာအုပ်**(အောက်ပုံ)**ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ အဆိုပါစာအုပ်တွင် ပုဂံခေတ် နံရံရေဆေးပန်းချီများကိုအခြေခံ၍ ပုဂံခေတ် လူနေမှုဘဝ၊ ကိုးကွယ်ယုံကြည်မှုနှင့် အနုသုခုမများကို အပိုင်းသုံးပိုင်းခွဲ၍ သရုပ်ပြဓာတ်ပုံပေါင်း ၇၀ ဖြင့် ရှင်းလင်းသုံးသပ် တင်ပြထားသည်။

အဆိုပါစာအုပ်ကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(တောင်ပိုင်း) (၃၂)ဒီ၊ (၆)မိုင်ခွဲ ပြည်လမ်း ရန်ကုန်မြို့ ဖုန်း–၅၁၅၀၅၄၊ ၅၁၂၁၃၆ တို့သို့ ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)




## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၄–၈–၂၀၀၇(သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၂၅ ၈။ မြေခဲတောင်ရေလျှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၀၀ ၅။ မြန်မာစာ၊မြန်မာစကား
- ၅:၁၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၅:၂၀ ၇။ **"ရှင်သန်ခြင်း" (မင်းဟိဏ်း၊ဆုပန်ထွာ၊ပိုးဖြူ၊ ခင်စိုးပိုင်၊ကြည်စိုး IC၊ သန်းသန်းစိုး၊) (ဒါရိုက်တာ–အောင်မိုး–ပဲရစ်)**
- ၅:၄၅ ၈။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဟာဂီတ) (အခြေခံပညာ ၁၅–၂၀နှစ်) (အမျိုးသား၊အမျိုးသမီး)
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ သုတစုံလင်ရွှေညာဏ်ရှင်
- ၇:၀၅ ၁၂။ စက်မှုထုတ်ကုန် မုံရွာစက်မှုဇုန်
- ၇:၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဒုတိယအရွယ်၏ ချစ်မေတ္တာ" (အပိုင်း–၁၅)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စိတ်ကူးလေး တဝဲလည်လည်" (အပိုင်း–၁၀)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

# NLD ပါတီ၏လုပ်ရပ်များကိုလက်ခံနိုင်မှုမရှိ ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ် အားထားယုံကြည်မှုမရှိ လပွတ္တာမြို့နယ်မှပါတီဝင်(၄၃)ဦးစုပေါင်းနုတ်ထွက်

**ရန်ကုန် ဩဂုတ် ၂၃**

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များ ဖြစ်ကြသော ဦးမောင်အေး၊ဦးချအေး၊ ဦးလှဆန်း၊ ဦးဖိုးအောင်တင်၊ ဦးရောဘတ်၊ ဦးထွန်းငြိမ်း၊ စောကြာထူး၊ စောတင်ရွှေ၊ နော်ရွှေရင်၊ မောင်ကံအေး၊ ဒေါ်မငွေ၊ ဦးရွှေလေးနှင့် ဦးမဟော်တို့အပါအဝင် ပါတီဝင် (၄၃)ဦးတို့သည် ဩဂုတ် ၁၃ရက်တွင် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

**ဆန္ဒအလျောက်နုတ်ထွက်**

လပွတ္တာမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာတွင် NLDပါတီ၏ လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် အားထားယုံကြည်မှုမရှိတော့ခြင်းတို့ကြောင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

# ကမ္ဘာ့ငွေကြေးဈေးကွက် မတည်ငြိမ်မှုကြောင့် အာရှနိုင်ငံများ၏ စီးပွားရေး ထိခိုက်ဖွယ်ရှိ

**စင်ကာပူ ဩဂုတ် ၂၂**

မကြာသေးမီက ကမ္ဘာပေါ်၌ ငွေကြေးဆိုင်ရာ ဈေးကွက် မတည်မငြိမ်ဖြစ်ပေါ်မှုသည် အမေရိကန်နိုင်ငံ၊ ဥရောပနှင့် အာရှနိုင်ငံများ၏ စီးပွားရေးဈေးကွက်ကို လာမည့် သုံးလမှ ခြောက်လအတွင်း ရိုက်ခတ်နိုင်ဖွယ်ရှိသည်ဟု စင်ကာပူ ဝန်ကြီးချုပ် လီရှန်လွန်းက သတိပေးပြောကြားသည်။

အထက်ပါသတိပေးပြောကြားချက်ကို အမျိုးသားနေ့ လူထုအစည်းအဝေး၌ လီက ပြောကြားခဲ့ခြင်းဖြစ်သည်။

အခြေခံအားဖြင့် အာရှနိုင်ငံများ၏ စီးပွားရေးမှာ တောင့်တင်းခိုင်မာလျက်ရှိကြောင်း လီက အလေးအနက် ပြောကြားသည်။ အဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်သည့် အာဆီယံ အဖွဲ့သည် အာရှ၌ စွမ်းအင်ဈေးနှုန်းမြင့်တက်လာမှု ဒဏ်ကို ခံနေရကြောင်းသိရသည်။

စင်ကာပူနိုင်ငံသည် အာဆီယံအဖွဲ့၏ ဥက္ကဋ္ဌတာဝန် နေရာကို ထမ်းဆောင်လျက်ရှိပြီး အာဆီယံနိုင်ငံများ၏ စီးပွားရေး တောင့်တင်းခိုင်မာမှုနှင့် ပိုမိုစည်းရုံးမှုရှိစေရေးကို တာဝန်ယူဆောင်ရွက်နေကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။ ထို့ပြင် တိုးတက်နေသော တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံ တို့ကို အမီလိုက်ပါနိုင်ရေး ကြိုးပမ်းကြရန်လိုကြောင်း ၎င်းက ထပ်မံပြောကြားသည်။

စင်ကာပူနိုင်ငံသားများသည် ယခုအခါ၌ ကမ္ဘာ့နိုင်ငံအနှံ့ အပြားတွင် စီးပွားရေးများလုပ်ကိုင်လျက်ရှိသည်။ ထိုအခြေ အနေမှာ တစ်ကမ္ဘာလုံး ပေါင်းစည်းဆက်နွှယ်မှုဖြစ်စဉ်တွင် လိုက်ပါတိုးတက်မည့်အလားအလာရှိနေကြောင်းပြသခြင်းပင် ဖြစ်သည်ဟု ဝန်ကြီးချုပ်က ပြောကြားသည်။ ထိုသို့ အောင်မြင်မှု ရရှိရန်အတွက် အစိုးရအနေဖြင့်နိုင်ငံ့စီးပွားရေးတွင် သွက်လက် ထက်မြက်လာစေရန်နှင့် ယှဉ်ပြိုင်မှုစွမ်းအား တိုးတက်လာ စေရန် ကြိုးပမ်းရမည့်အပြင် လူမှုရေးဆိုင်ရာ တောင့်တင်း ခိုင်မာမှုများရရှိလာရန်လည်း အပြောင်းအလဲများ လုပ်ဆောင် လျက်ရှိသည်ဟု၎င်းကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ဂျပန်နိုင်ငံ၌ ဇူလိုင်လအတွင်းက လှုပ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ချွတ်ယွင်းသွားသော ကမ္ဘာ့အကြီးဆုံး အဏုမြူ ဓာတ်ပေါင်းဖိုတစ်နေရာကို ဩဂုတ် ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# မုန်တိုင်းဘေးမှလွတ်ရန် ကမ္ဘာလှည့်ခရီးသည်များ ထွက်ပြေး

**ကျူလမ်(မက္ကဆီကို) ဩဂုတ် ၂၂**

"ဒင်း"အမည်ရှိ ဟာရီကိန်းမုန်တိုင်းဘေးမှ လွတ်မြောက်ရန်အတွက် မက္ကဆီကိုနိုင်ငံတွင် ထောင်ချီရှိသည့် ကမ္ဘာလှည့်ခရီးသည်များသည် ကမ်းခြေရှိ တည်းခိုရာဟိုတယ်များမှ ယူကာတန်ကျွန်းဆွယ်ရှိ ယာယီနားခိုရန် ပြုလုပ်ထားသည့် နေရာများသို့ တနင်္လာနေ့တွင် ထွက်ပြေးကြကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။

မော်တော်ယာဉ်များကို လမ်းများပေါ်မှ ဖယ်ရှားထားရန်နှင့် မေယန်ရီဗီရာအမည်ရှိ အပန်းဖြေကမ်းခြေတွင် အရက်ရောင်းမှု ပိတ်ပင်ထားရန် ရဲတပ်ဖွဲ့က အမိန့်ထုတ်ပြန်ထားသည်။ တစ်နာရီလျှင် မိုင် ၁၅၀ နှုန်းဖြင့် တိုက်ခတ်မည့် "ဒင်း" ဟာရီကိန်းမုန်တိုင်းသည် အင်အားအပြင်းထန်ဆုံး အမျိုးအစားဖြစ်သည်ဟု အမေရိကန် ဟာရီကိန်းခန့်မှန်းရေး ဌာနက ပြောကြားသည်။ မက္ကဆီကိုနိုင်ငံရှိ ကျူလမ်ဒေသသည် ဥရောပနိုင်ငံများမှ ခရီးသည်များဖြင့် ပြည့်နေပြီး ဟိုတယ်များမှာ ပင်လယ်နှင့် နီးကပ်စွာ တည်ဆောက်ထားသဖြင့် အန္တရာယ်နှင့် ကြုံတွေ့နိုင်သည့်ဒေသဖြစ်သည်။

ထောင်ချီရှိသည့် ခရီးသည်များနှင့် ဒေသခံလူများကို ယူကာတန်ကျွန်းဆွယ်ရှိ ယာယီနားခိုဆောင်များသို့ ရွှေ့ပြောင်းကြရန် သက်ဆိုင်ရာရဲတပ်ဖွဲ့က အမိန့်ထုတ်ထားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***



**ဖိလစ်ပိုင်နိုင်ငံတွင် စီပက်အမည်ရှိ လေမုန်တိုင်းတိုက်ခတ်သွားသဖြင့် မနီလာမြို့မြောက်ပိုင်း ကန်ဒါဘာမြို့ရှိအိမ်များ ရေမြုပ်နေသည်ကို ဩဂုတ် ၂၀ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# နှစ် ၄၀ခန့်က သေဆုံးခဲ့သည့် ရုပ်အလောင်းများ ဟိမဝန္တာတောင်တန်းတွင် ပြန်လည်တွေ့ရှိ

**ဂူဝါဟာတီ(အိန္ဒိယ) ဩဂုတ် ၂၂**

အိန္ဒိယနိုင်ငံ ဟိမဝန္တာတောင်တန်းများအကြား နှစ်၄၀ နီးပါးအကြာက လေယာဉ်ပျက်ကျ၍ သေဆုံးသွားသူ တပ်ဖွဲ့ဝင်တစ်ဦး၏ ရုပ်အလောင်းကို ဩဂုတ် ၂၁ ရက်က ၎င်း၏မိသားစုဝင်များထံ ပြန်လည်ပေးအပ်ခဲ့သည်ဟု စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

## ရှာဖွေတွေ့ရှိ

ပေ ၁၇၅၀၀ မြင့်သော ရေခဲမြစ်၏ နှင်းလွှာများအကြား တစ်ဝက်တစ်ပိုင်း နစ်မြုပ်နေသော ရုပ်အလောင်းသုံးလောင်းကို အိန္ဒိယတပ်ဖွဲ့ဝင်များက ယခုလ အစောပိုင်းတွင် ရှာဖွေတွေ့ရှိခဲ့ကြသည်။ မိသားစုထံ ပြန်လည်ပေးအပ်လိုက်သူ မဟိန္ဒြာနတ်ဖူကန်၏ ရုပ်အလောင်းမှာ မပျက်မစီး အကောင်းပကတိအတိုင်း တွေ့ရှိရသည်ဟု အမည်မဖော်လိုသူ စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

ဟိမာချယ်ပရာဒေ့ရှ်ပြည်နယ်တွင် ၁၉၆၈ ခုနှစ်က လေယာဉ်ပျက်ကျသွားရာ နေရာနှင့် အလှမ်းမကွာလှသောနေရာ၌ ယင်းအလောင်းများကို တပ်ဖွဲ့ဝင်များက တွေ့ရှိရခြင်းဖြစ်သည်။ ကျန်အလောင်းနှစ်လောင်းမှာ မည်သူမည်ဝါဖြစ်သည်ကို သက်ဆိုင်ရာများက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ***အမ်အင်အေ၊ရိုက်တာ။***

# ဘတ်စ်ကား ချောက်ထဲကျ ခရီးသည် ၂၅ ဦးသေဆုံး

**မူဇက်ဖာရာဘတ်(ပါကစ္စတန်) ဩဂုတ် ၂၂**

ပါကစ္စတန်နိုင်ငံမြောက်ပိုင်းရှိတောင်ပေါ်လမ်းတစ်နေရာတွင် ဩဂုတ် ၂၀ ရက်က ဘတ်စ်ကားတစ်စီး လမ်းချော်ကာ ချောက်ထဲထိုးကျသွားသဖြင့် ခရီးသည် ၂၅ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ပါကစ္စတန်နိုင်ငံကက်ရှ်မီးယားဒေသ နီလမ်းတောင်ကြားဒေသ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

# အီရတ်မှ ဗြိတိသျှတပ်ဖွဲ့များ အမြန်ရုပ်သိမ်းရန် ဝန်ကြီးချုပ် ဂေါ်ဒွင်ဘရောင်းအား တိုက်တွန်း

**လန်ဒန် ဩဂုတ် ၂၂**

ဗြိတိသျှတပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ၏အရှေ့တောင်ပိုင်းတွင် မည်သည့်အောင်မြင်မှုမျှ မရနိုင်ကြောင်း၊ ယင်းဒေသတွင် ဖြန့်ကြက်ထားသည့်ဗြိတိသျှ တပ်ဖွဲ့ဝင် ၅၅၀၀ ကို အမြန်ရုပ်သိမ်းသင့်သည်ဟု ထိပ်တန်းတပ်မှူးများက ဝန်ကြီးချုပ် ဂေါ်ဒွင်ဘရောင်းအား တိုက်တွန်းကြောင်း တနင်္ဂနွေနေ့ သတင်းများတွင် ဖော်ပြသည်။

အီရတ်နိုင်ငံ ဘာဆာရာပြည်နယ် လုံခြုံရေးထိန်းသိမ်းမှုလုပ်ငန်းကိုဗြိတိသျှ တပ်ဖွဲ့ဝင်များက အီရတ် တပ်ဖွဲ့ဝင်များသို့ လွှဲပြောင်းပေးမည့် ဆုံးဖြတ်ချက်ကို အမေရိကန်တပ်မှူးများ၏ အကြံပေးချက်အပေါ်မူတည်၍ ချမှတ်သွားမည်ဟု ဂေါ်ဒွင်ဘရောင်းက အမေရိကန်သမ္မတ ဂျော့ဂျ်ဘုရှ်နှင့် ဒေးဗစ်စခန်းတွင် တွေ့ဆုံပြီးနောက် ပြောကြားခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ပါလီမန်သို့ အစီရင်ခံစာတစ်စောင် တင်သွင်းမည်ဟု ဂေါ်ဒွင်ဘရောင်းက ပြောကြားသည်။

အမေရိကန်တပ်မှူးများသည်ဘာဆရာပြည်နယ် လုံခြုံရေးထိန်းသိမ်းမှုလုပ်ငန်းကို အီရတ်လုံခြုံရေးတပ်ဖွဲ့သို့ လွှဲပြောင်းရန် လိုလားနေကြသည်။ ယင်းဒေသတွင် နေ့စဉ် ရော့ကက်ဒုံးကျည်နှင့် စိန်ပြောင်းတို့ဖြင့် ပစ်ခတ်မှု ဖြစ်ပွားနေသည်။ ဗြိတိန်အစိုးရသည် တပ်ဖွဲ့ဝင် ၅၀၀ ရုပ်သိမ်းရန် ကြေညာခဲ့ပြီးဖြစ်သည်။

ဗြိတိန်စစ်ဘက်က ဘာဆာရာလေဆိပ်တွင် တပ်ဖွဲ့ဝင် ၅၀၀၀ ကို ပြန်လည်ချထားရန် အစီအစဉ်ဆွဲနေပြီး အများစုကို လအနည်းငယ်အတွင်း ဗြိတိန်သို့ ပြန်ပို့ရန်ရည်ရွယ်ထားသည်။

***အမ်အင်အေ၊ပီတီအိုင်။***

## ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

# ကရာချိမြို့၌ အဆောက်အအုံ မီးလောင် တစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိ

**အစ္စလမ္မာဘတ် ဩဂုတ် ၂၂**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့ရှိ နိုင်ငံပိုင်အဆောက်အအုံတစ်ခု၌ တနင်္ဂနွေနေ့ မွန်းလွဲပိုင်းက မီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ အမျိုးသားသင်္ဘောပို့ဆောင်ရေးကော်ပိုရေးရှင်း (ပီအင်အက်စ်စီ) အဆောက်အအုံ၏ စတုတ္ထထပ်၌ တနင်္ဂနွေနေ့ မွန်းလွဲပိုင်းက မီးလောင်မှုစတင်ဖြစ်ပွားခဲ့ပြီး အဆောက်အအုံ၏ အပေါ်ထပ်များသို့ မီးကူးစက်သွားခဲ့သည်။ မီးငြိမ်းသတ်ရာတွင် ပါကစ္စတန် ရေတပ်မှ ရဟတ်ယာဉ်များကလည်း ပါဝင်ခဲ့ကြကြောင်း၊ မီးလောင်မှုကို စုံစမ်းစစ်ဆေးလျက် ရှိသည့် ပီအင်အက်စ်စီမှ မန်နေဂျာ တစ်ဦးမှာ မီးခိုးမွန်ပြီး ဆေးရုံတွင် သေဆုံးသွားကြောင်း၊ ဒဏ်ရာရရှိသူ လေးဦးမှာ မီးသတ်သမားများ ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ပြုလုပ်သည့် ဖက်ရှင်ပြပွဲတွင် ပါဝင်ပြသနေသူများကို ဩဂုတ် ၂၂ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ ဆူလာဝေစီပြည်နယ်၌ တည်ဆောက်

**ဂျကာတာ ဩဂုတ် ၂၂**

အင်ဒိုနီးရှားနိုင်ငံမှ ဘိုဆိုဝါအင်နာဂျီ စွမ်းအင်ကုမ္ပဏီက အမေရိကန်ဒေါ်လာ သန်း ၂၀၀ ရင်းနှီးမြှုပ်နှံကာ မဂ္ဂါဝပ်၂၀၀ ထုတ်လုပ်နိုင်မည့် ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးအတွက် တရုတ်နိုင်ငံမှ ချန်ဒါ အင်ဂျင်နီယာလုပ်ငန်းကော်ပိုရေးရှင်းနှင့်အတူ ပူးပေါင်းဆောင်ရွက်နေကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တောင်ပိုင်းဆူလာဝေစီပြည်နယ်တွင် တည်ဆောက်မည့် အဆိုပါလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် အင်ဒိုနီးရှားနိုင်ငံ၏ အရှေ့ပိုင်းဒေသတွင် အကြီးဆုံးစက်ရုံဖြစ်လာမည်ဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။ အဆိုပါစက်ရုံတည်ဆောက်မှုလုပ်ငန်းကို ဩဂုတ် ၁၉ရက်တွင် စတင်ခဲ့ပြီး တည်ဆောက်မှုကာလ လ ၃၀ ကြာမြင့်မည်ဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# star ..... for better life

**Special Sales**

**LCD TV 40" KS - 1,890,000**

**LCD TV 32" Ks - 1,090,000**




- 2 x AV In
- 1 x AV Out
- 1 x S-Video In
- 1 x DVD Component
- 1 x VGA ( 15 Pin )
- Surround Sound
- Picture In Picture ( 40" Only )

ဝယ်ယူရရှိနိုင်သည့်နေရာများ – အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များ။

စတားအရောင်းပြခန်း – အမှတ် – ၄၀၇ ၊ ၄၀၉ ၊ မဟာဗန္ဓုလလမ်း ၊ ၃၅လမ်းထောင့် ၊ ရန်ကုန်မြို့။ ဖုန်း – ၀၁ – ၃၈၃၃၄၉ ၊ ၃၈၃၃၇၀

ဆမ်ဆောင်းအရောင်းပြခန်း – ၀၁ – ၂၄၉၅၈၈ ၊ ၃၈၄၁၅၃ (ရန်ကုန်) ၊ ၀၂ – ၃၂၄၄၁ ၊ ၃၉၂၀၂ ( မန္တလေး) ၊ ၀၆၈ – ၂၁၁၄၅ (ပျဉ်းမနား)။


# INVITATION TO TENDER

(Tender No.7(T)/MPE/ UREA (2)/2007-2008)

1. Sealed tenders are invited by the Myanma Petrochemical Enterprise, Nay Pyi Taw, Myanmar, for the Supply of Urea Fertilizer with the terms and condition as follows.
   - (a) Urea Fertilizer -80,000 ± 10% Metric Tons
     Specification: Nitrogen 46.0 wt % min; Biuret 1.0 wt % max; Moisture 0.5 wt % max; Prill Size 1-4 mm
   - (b) Price shall be quoted in US Dollars -CIF(LO)Yangon Basis.
   - (c) Payment -L/C at sight
   - (d) Tender Closing Date -6-9-2007 (12:00) hr
   - (e) Tender Opening Date-6-9-2007 (13:00) hr
   - (f) Delivery -Within October 2007.
   - (g) Packing -50Kg weight/bag net must be packed in strong durable.Woven Polypropylene bags with inner liner Polyethylene bags of 0.1-0.2mm thickness.
2. Tender Documents and detail information are avail able the Department of Finance Myanma Petrochemical Enterprise, Nay Pyi Taw, during office hours commencing (24-8-2007) on Payment of the One Hundred (100) FEC per set.
3. Only bid from tenderer who has purchased tender document officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director,
Myanma Petrochemical Enterprise


ဓာတ်ပုံကူးသူတိုင်းအတွက်

## ထူးခြားသောဝန်ဆောင်မှု

- မိမိစိတ်တိုင်းကျ ရိုက်ကူးထားသော ဓာတ်ပုံများအား ကွန်ပျူတာကို ကိုယ်တိုင် ကိုင်တွယ်၍ မိမိစိတ်တိုင်းကျ ရွေးချယ်နိုင်ခြင်း။
- ***Original Fuji Paper*** နှင့် ***Chemical*** ကိုသာ အသုံးပြုခြင်း။
- ***Fuji Frontier 550 - Digital Laser*** ဓာတ်ပုံကူးစက်တွင် နောက်ဆုံးပေါ် ***Software*** အသုံးပြု၍ သင့်စိတ်တိုင်းကျ

၄×၆ ပုံတစ်ပုံလျှင် **၉၀ ကျပ်** နှုန်းဖြင့် ကူးယူနိုင်တဲ့နေရာ...

**Technoland Digital Photo Services**

အမှတ် ၁၈၆/၁၈၈ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၄၄၁၂၇၃၅၊ ၄၄၁၃၁၅၉၊ ၃၇၂၂၁၁၊ ၂၄၉၅၆၅၊ ၃၇၃၅၁၆၊ ၃၈၄၇၈၀


## ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်

**ရန်ကုန် ဩဂုတ် ၂၃**

၁၃၆၉ ခုနှစ် ဝါခေါင်လပြည့်နေ့ ဩဂုတ် ၂၈ရက် အင်္ဂါနေ့ မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေး မဟာဂန္ဓာရုံကျောင်း ဦးစီးပဓာန နာယက ဓမ္မာစရိယ ဘဒ္ဒန္တဉာဏိဿရ အရှင် သူမြတ်နှင့် ညနေ ၃နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မဟာဂန္ထဝါစကပဏ္ဍိတ ပဲခူးတိုင်းအရှေ့ပိုင်း ပဲခူးမြို့ ကံထူး ဓမ္မရိပ်သာ ဦးစီးပဓာန နာယက ဘဒ္ဒန္တဝါယမ အရှင်သူမြတ်တို့က နိဗ္ဗာန် ရောက်ကြောင်း တရားတော်များကို လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ပတ္တမြားကျောင်းမှ ဦးဝိသုတ အရှင်သူမြတ်က ဥပုသ်သီလပေး တရားတော်များကို လည်းကောင်း ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ရင်ပြင်ရှိ ဆိပ်ကမ်း လုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က–ပ)

## The LIVE NEWS ဂျာနယ် အမှတ်(၄၉) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၂၃**

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၄၉)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

လှိုင်သာယာမြို့နယ်ရှိ အထည်ချုပ်စက်ရုံတစ်ရုံ မီးလောင်ဆုံးရှုံးမှုတွင် နှစ်ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရရှိ၊ တန်ဖိုးမြင့်ကား မီးသတ်ဆေးဘူးမပါ မီးသတ်တယ်လီဖုန်းအမှတ် မသိ၍ မီးလောင်ဆုံးရှုံးမှုပိုများခဲ့ရ၊ နေ့ခင်းဘက် အိမ်ရှင်များမရှိခိုက် ကျပ် ၆၅သိန်းဖိုး ဖောက်ထွင်းသူအား ဖမ်းဆီးရမိ၊ သားသမီး ၂၆ယောက်တို့ရဲ့ မေမေ(သို့)မြေး ရှစ်ယောက်တို့၏ ဘွားဘွားကြီး၊ လူတော်နှင့် လူကောင်း၊ စရကသံဟိတာနှင့် ပါရဂူရှန်တိနိကေတန်၊ မီးတောင်ကျွန်းက မပို့ဖြစ်သောစာများ၊ သုံးဘီးခေတ်၊ စီးပွားရှာမှာလား ငွေရှာမှာလား၊ ပထမဦးဆုံးဟိုတယ်ရှိခဲ့တဲ့ ဘဏ်လမ်း၊ ကြမ်းပိုးဒဏ်ခံနေရသည့် အမေရိကန်သမ္မတဘုရှ်၏ ထိပ်တန်းအကြံပေးပုဂ္ဂိုလ်နုတ်ထွက်တော့မည်၊ အီရန်သမ္မတက အရေးပါသော ဝန်ကြီးနှစ်ဦးကိုဖယ်ရှား၊ တာလီဘန်လက်နက်ကိုင်များက တောင်ကိုရီးယားဓားစာခံအမျိုးသမီးနှစ်ဦးကို ပြန်လွှတ်ပေးခဲ့၊ တက္ကဆီမင်းနှင့် ဂီတချစ်သူ၊ ၂၀၀၇ ခုနှစ် ဩဂုတ်လ ၂၅ရက်မှ ၃၁ ရက်အတွင်း မွေးဖွားသော မျိုးဆက်သစ်ကလေးငယ်များ၏ ဘဝတစ်သက်တာ ကံဇာတာ၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်းဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများ၊ အရှင်အာစာရာလင်္ကာရ၊ ပါရဂူ၊ ဦးဗကလေး၊ မြင်းမူ မောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ မောင်နေလင်း၊ ရဲဇော်(ဇီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWSဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း (၀၀၄) လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဂုဏဝိသိဋ္ဌ ပူဇော်ပွဲကို ဩဂုတ် ၁၂ရက်က ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်း တိုက်၌ကျင်းပရာ ရန်ကုန်ရောက် ကျောင်းထိုင်ဆရာတော်ကြီးများကို အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် စေတနာရှင်များ၊ ဂျိုးမင်းသင်္ကန်း တိုက်မှ ဦးနွေးအောင်–ဒေါ်တင်ဝိုင်းတို့ စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူကြစဉ်။ (က–ပ)

## ရေတွင်း ရေကန် လှူဒါန်းနိုင်

**ရန်ကုန် ဩဂုတ် ၂၃**

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ ဓမ္မဗိမာန်ကျောင်းတွင် သံဃာတော်များနှင့် အများပြည်သူ သောက်သုံးရန်အတွက် အနက် ၅၄ပေ၊ အကျယ် သုံးပေရှိ ကျောက်စည်ခွေနှင့် ရေတွင်းတစ်တွင်း၊ ရေလှောင်အုတ်ရေကန်တစ်ခုကို ရေစုပ်စက်နှင့် ပစ္စည်းစုံအပါအဝင် ကျပ် ၄၅၀၀၀၀ အကုန်အကျခံ၍ ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ အင်းစိန်က ကြီးမှူးတူးဖော်မည်ဖြစ်ရာ လှူဒါန်းလိုသူများသည် စက်တင်ဘာ ၁၀ရက် နောက်ဆုံးထားပြီး ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း) ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ အင်းစိန် ဖုန်း–၆၄၂၈၅၈၊ ၆၄၀၄၈၇၊ ၆၄၀၄၈၉၊ (အိမ်) ၆၄၃၈၂၆၊ ဦးထွန်းကြိုင် ၀၆၁–၂၁၆၇၇၊၂၁၃၀၇တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ (၆၁)

## စုပေါင်းဆောင်ရွက်

**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်၍ (၄၁)ရပ်ကွက် မဟာမြိုင်ဝန်ထမ်းအိမ်ရာ စီးပွားကူးသန်းအိမ်ရာ ရှေ့တစ်လျှောက် လမ်းဘေး ရေစီးရေလာကောင်းမွန်ရေးနှင့် ချုံနွယ်အမှိုက်များ ရှင်းလင်းဆောင်ရွက်ခြင်းလုပ်ငန်းကို ဩဂုတ် ၁၁ရက်မှ စတင်ကာ စည်ပင်သာယာ ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများ စုပေါင်းဆောင်ရွက်ကြရာ စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူး ဦးမင်းမင်းဦး၊ (၄၁)ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းလင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ဆောင်ရွက်စဉ်။** (က–ပ)



## မဒေါက်မြို့၌ စိုးရိမ်ရေမှတ် ကျော်လွန်

**နေပြည်တော် ဩဂုတ် ၂၃**

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၁၁၃ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၄၃ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်၌ ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

**ဥတုရာသီ တောကိုမှီ၏**

# နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည့် တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် နေပြည်တော်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်

ရန်ကုန် ဩဂုတ် ၂၃

**အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်–**

**သဘာပတိကြီးခင်ဗျား–**

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

"၁၉၉၄ခုနှစ် ဧပြီလ ၉ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးက ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီး–

**(က) နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်၊**

**( ခ) ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော် သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်၊**

**( ဂ ) နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့်နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန်လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့ပါတယ်။

နိုင်ငံတကာ အစဉ်အလာအရ ဗဟိုအစိုးရ ရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်ပြီး အချို့နိုင်ငံများမှာ ယင်းမြို့တော်များကို နိုင်ငံတော်သမ္မတ သို့မဟုတ် ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်လေ့ရှိကြပါတယ်။ ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့တကွ ဗဟိုအစိုးရရုံးများက နေပြည်တော်တွင် ရုံးစိုက်လျက်ရှိကြသဖြင့် နိုင်ငံတော်၏ မြို့တော်သည် နေပြည်တော်ဖြစ်ပါတယ်။ ထို့ကြောင့် ဖော်ပြပါ အသေးစိတ်အခြေခံရမည့်မူပါ နိုင်ငံတော်၏မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်



**အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းပြောကြားစဉ်။**
(သတင်းစဉ်)

ဟူသောစကားရပ်ကို ပြင်ဆင်ရန် လိုအပ်လာပါတယ်။ ရန်ကုန်မြို့သည် နိုင်ငံတော်၏ မြို့တော်မဟုတ်တော့သော်လည်း နိုင်ငံတော်၏ စီးပွားရေး အချက်အချာကျသော မြို့အဖြစ် ဆက်လက်တည်ရှိနေမှာဖြစ်ပါတယ်။ ဒါပေမယ့် ရန်ကုန်မြို့ဟာ နိုင်ငံတော်၏ မြို့တော်မဟုတ်တော့တဲ့အတွက် နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပြီး ယခုအခါ နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်၏ စည်ပင်သာယာရေးနယ်နိမိတ်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်၍ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသင့်ပါတယ်။

ထို့အပြင် ရန်ကုန်မြို့ဟာ နိုင်ငံတော်ရဲ့မြို့တော် မဟုတ်တော့တဲ့အတွက် ရန်ကုန်မြို့တော်ဟူသော အသုံးအနှုန်းအစား ရန်ကုန်မြို့ဟူ၍ သုံးနှုန်းသွားမည်ဖြစ်ပါတယ်။ ဒါ့အပြင် "ထူးခြားသောအခြေအနေရှိသည့် **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❐


# ပြည်သူအတွက် အဆင်ပြေဆုံးဖြစ်အောင် ဆောင်ရွက်ပေးနေ

**ကမ္ဘာနဲ့အဝန်း လောင်စာဈေးတွေ အဆမတန်မြင့်လာတာကြာပါပြီ။ တည်ဆဲအစိုးရက အခုမှ နိုင်ငံတော်ဘဏ္ဍာဆုံးရှုံးမှု နည်းနည်းလေးခံသာရုံ လောင်စာဆီဈေးကို မြှင့်ခဲ့ရတာပါ။ မြှင့်တယ်ဆိုတာတောင် တခြားနိုင်ငံတွေနဲ့ယှဉ်ရင် အများကြီး သက်သာနေပါသေးတယ်။ ကျွန်တော်သိရသလောက် အခုသတ်မှတ်တဲ့ဈေးဟာ အစိုးရအဖို့ အမြတ်နေနေသာသာ အရင်းတောင် မကျေပါဘူး။ ရှုံးနေပါသေးတယ်။ ဒါပေမယ့် အရှုံးကြီးရာကနေ အရှုံးနည်းသွားရုံလေးပါ။ ဘာပဲဖြစ်ဖြစ် တည်ဆဲအစိုးရအနေနဲ့ ကိုယ့်မှာရှိတဲ့အင်အားနဲ့ ပြည်သူအတွက် အဆင်ပြေဆုံးဖြစ်အောင် ဆောင်ရွက်ပေးနေတယ်ဆိုတာကတော့ ယုံမှားသံသယဖြစ်ဖွယ် လုံးဝမရှိပါဘူး။**

ကျော်မင်းလူ(ရွှေပြည်သာ)၏ " နှစ်ဘက်မျှမှ အဖြေလှမည် " (ဆောင်းပါး) စာမျက်နှာ –၈၉၊၁၀